


# နုတ်နှုယ်
# နှစ်ကြိုးသမား

တတိယအကြိမ်

mgyoe.com

mgyoe.com

၁၉၃၃ တွင် ကချင်ပြည်နယ် ဧရာဝတီအစ ဒေသမှာ
နတ်နွယ်ကို မွေးသည်။
ဖခင်က တို့ဗမာအစည်းအရုံးဝင် သခင်တစ်ဦး၊
အင်္ဂလိပ်–မြန်မာ နှစ်ဘာသာသင်ကျောင်းမှာ ကျောင်းတက်၊
ဂျပန်ခေတ်၌ ဂျပန်ကျောင်းတက်၊
၁၉၄၉ တွင် အိမ်ပြေး၊ တစ်ကြိမ် မှ နှစ်ကြိမ် အိမ်ပြေး၊
၁၉၅၀ တွင် ပထမဆုံးပုံနှိပ်စာမူ၊
လူထုဂျာနယ်၊ ကလောင်စုံမဂ္ဂဇင်း၊ စုံထောက်မဂ္ဂဇင်း . . .
ဆောင်းပါးများ . . . ဝတ္ထုများ . . .
၁၉၅၃ ရန်ကုန်တက္ကသိုလ်သို့ ခြေတစ်ဖက်စနင်း၊
၁၉၅၄ မုဒ်မ ၅၊ ပြီးနောက် တက္ကသိုလ်သို့ အပြီးတိုင်ဝင်ရောက်၊
ကျောင်းသားဘဝမှ တက္ကသိုလ်သို့ တိုက်ရိုက်ရောက်ရှိခဲ့သူ၊
နိုင်ငံရေးသမား ပါတီတပ်သား မဖြစ်ခဲ့သော်လည်း
ဆွေးဆွေးနွေးနွေး တက်တက်ကြွကြွ . . .
ဗလာဝလူငယ်၊ ကလောင်သစ်လူငယ်၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊
ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် . . . စသည်စသည်၊
ပြီးတော့ မိုးထဲလေထဲ(၁၉၅၄)
  အပြာ(၁၉၅၆)
  ချစ်သောကြောင့်(၁၉၅၆)
  နှစ်ကြီးသမား . . . ပဥ္စမပြောက်လုံးချင်း
ပြီးတော့ ဘာသာပြန်စာအုပ်များ . .
စာရေးသူ၏ ဘဝတစ်စိတ်တစ်ပိုင်းပါဝင် ရေးယူထားသော
ယခုစာအုပ် "နှစ်ကြီးသမား" . . . . . .

NN0031
2,200.00 KS

mgyoe.com

နှစ်ကြီးသမား၊ နတ်နွယ်
စာမျက်နှာ ၁၆၃+ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇွန်လ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၇ ခါကာဘိုစာပေ၏ ဒုတိယအကြိမ်မူ၊
(ပထမအကြိမ် - ၁၉၅၇)

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# နှစ်ကြိုးသမား
# နတ်နွယ်

တတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## နတ်နွယ်

နှောင်တစ်ခေတ်တွင် ကချင်ပြည်နယ်၏ မြို့တော်ဖြစ်လာအံ့သော မြစ်ကြီးနားမြို့တွင် နတ်နွယ်အား မွေးဖွားသန့်စင်ခဲ့၏။ သို့သော် ဒုတိယ ကမ္ဘာစစ်ကြီးမဖြစ်မီ နတ်နွယ် လူ့ပြည်ရောက်သော ၁၉၃၃ ခုနှစ်လောက်က ဆိုလျှင်မူ မြစ်ကြီးနားသည် အရေးပိုင်ရုံးစိုက်သည့် မြို့တစ်မြို့ဖြစ်လင့်ကစား စည်ကားလှသည် မရှိ၊ ပကတိ ငြိမ်သက်အေးချမ်းသော မြစ်ကြီးနား (ဧရာဝတီ) အနီးအနားမှ ဆိပ်ကမ်းပါးဒေသတစ်ခုသာ ဖြစ်ပါသည်။

တစ်ဖက်ကမ်းရှိ ကချင်ရွာ၊ ရှမ်းတရုတ်ရွာများဖြစ်သော နှောင်ဘာလော၊ ဝိုင်းမော်၊ ဇီးကျွန်း စသည်တို့မှ ရှမ်းကချင်မများသည် လှေကလေးများဖြင့် ကူးလာပြီး ဈေးရောင်းဈေးဝယ်ကြ၏။ အထက်ပိုင်း တောင်ပေါ်ဒေသဖြစ်သော မန်ခင်၊ ဆုန်ပရာဘွန် စသည်တို့မှ ကချင်များ ဈေးဝယ်ဆင်းလာကြသည်။ တကယ်တော့ မြစ်ကြီးနားသည် မြောက်ဖျားဒေသ၏ အစွန်ဆုံးမြို့ ဖြစ်လေသလောက် ပြောင်မြောက်စွာ အေးချမ်းသာယာ၏။ မြို့ပေါ်မှလူများသည်လည်း ကိုယ့်အလုပ်ကိုယ်လုပ်ကာ အေးဆေးနေတတ်ကြသည့် လူများဖြစ်၏။

ထိုလိုမြို့တစ်မြို့တွင် ထိုခေတ်က လူတိုင်းမဝင်ဝံ့သော အတိုး

mgyoe.com

mgyoe.com



တက်ဆုံး အဖွဲ့တစ်ခုဖြစ်သည့် တို့ဗမာအစည်းအရုံးကို ခေါင်းဆောင်မှု ပေးခဲ့သော သခင်တစ်ဦးသည် နတ်နွယ်၏ ဖခင်ဖြစ်လေ၏။ သခင်တစ်ဦး၏ အိမ်တွင် နဂါးနီစာအုပ်၊ သခင်ကိုယ်တော်မှိုင်း၏ ကဗျာများ၊ ဂျာနယ်ကျော်စသည့် စာနယ်ဇင်းများ ပြည့်နှက်လျက်ရှိသည်မှာ အဆန်း မဟုတ်ခဲ့ပါပေ။

ဧရာဝတီ မြစ်အစနှင့် နတ်နွယ်၏ ဘဝအစ ဖြစ်သည်တကား။

* * *

နတ်နွယ်သည် ၁၉၃၃ ခု၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မွေးဖွား၏။ မြို့နှင့် တစ်မိုင်လောက်ဝေးသော သစ်သီးခြံကြီးတစ်ခုထဲတွင် အဘိုးအဘွားတို့နှင့် ကြီးပြင်းလာရသူ ဖြစ်၏။ မိခင်မှာ ၎င်းတစ်နှစ်သားကတည်းက ကွယ်လွန်ခဲ့၏။ နေ့ခင်းတွင် ဖခင်သည် မြို့ထဲသို့ အလုပ်သွား၍ အဘိုးအဘွားနှင့် မိထွေးသည် သူတို့ဘာသာနေကြသဖြင့် နတ်နွယ်လည်း သူ့ဘာသူ တစ်ယောက်တည်းနေရန် ဖန်တီးလာ၏။ သူ့မှာ ကစားဖော် ကစားဖက်မရှိ၊ ကျယ်ဝန်းသော ခြံကြီးထဲတွင် သူ့အပြင် လူကြီးသုံးယောက်သာ ရှိ၏။ တခြားလူများသည် တစ်ခေါ်လောက်မကသော အခြားခြံများ၌ ရှိကြ၏။ ဂေါ်ရခါးများ၊ ပီးရီးယား ကုလားများဖြစ်ကြ၏။ တစ်ဖာလုံလောက်တွင် တိဘက်ဘုန်းကြီးကျောင်း ရှိ၏။

ထို့ကြောင့် နတ်နွယ်သည် ကျောင်းမနေရသေးသော ကလေးဘဝတွင် ငါးနှစ်လုံးလုံး သစ်ပင်တွေကြားတွင် တစ်ယောက်တည်း လျှောက်ရင်း ကြီးပြင်းလာရ၏။ သစ်ရိပ်တွင်ထိုင်၍ တောင်တောင်မြောက်မြောက် စဉ်းစားတွေးတောရင်း အချိန်တွေ ကုန်ခဲ့ရ၏။

ကလေးဘဝတွင် တိတ်ဆိတ်ခြင်းနှင့် ဝေးမောခြင်းသာ ရှိခဲ့၏။

* * *

နတ်နွယ်သည် အင်္ဂလိပ်–မြန်မာ နှစ်ဘာသာသင် 'တောင်ဖန်း' အထက်တန်းကျောင်းတွင် ပညာ စတင်သင်ကြားခဲ့ရ၏။ သူသည်

mgyoe.com

mgyoe.com



ကျောင်းသားဖြစ်လာသော်လည်း မကစားတတ်တော့ပေ။ တစ်ယောက်တည်း နေတတ်သည့်အကျင့်က ရင့်သန်နေပေပြီ။

တစ်မိုင်ခရီးမျှရှိသော နေအိမ်ခြံမှ ကျောင်းသို့သွားရာ လမ်းသည်လည်း တောစခန်းတစ်လျှောက်မျှသာ ဖြစ်ပါ၏။ နတ်နွယ်သည် ကျောင်းသွားကျောင်းပြန် အထီးကျန်သာများ၏။

သို့ဖြင့် စာကိုသာ ဇိ၍ကြိုးစားခဲ့၏။ ဖခင်ကလည်း သားအား ပညာ ကြိုးစားဖို့ရာပဲ အမြဲတစေ ဆိုဆုံးမ၏။ တစ်နှစ် နှစ်တန်းတက်ခဲ့၏။ သို့သော် သူ၏ ပညာရေးသည် မဖြောင့်ဖြူးခဲ့။

သူ သုံးတန်းအရောက်တွင် ဖခင်သည် ကာကွယ်ရေးပုဒ်မနှင့် အဖမ်းခံခဲ့ရ၏။ ဗန်းမော်ထောင်သို့ အပို့ခံရ၏။ နတ်နွယ် သုံးတန်းမဖြေခင်မှာပင် ကျောင်းသည် ရက်အကန့်အသတ်မရှိ ပိတ်လိုက်လေပြီ။

ဒုတိယကမ္ဘာစစ်မီးသည် မြန်မာပြည်ကြီးကို စတင်ဝါးမျိုခဲ့လေပြီ။

* * *

ဂျပန်ခေတ်အစတွင် နတ်နွယ်သည် မြစ်ကြီးနားတွင် ဂျပန်ကျောင်းတက်ခဲ့၏။

သူ၏ဖခင်သည် ထောင်မှလွတ်ပြီး တစ်နှစ်မျှအကြာတွင် ဂျပန်ကင်ပေတိုင်၏ အဖမ်းကို ခံရပြန်၏။ ထို့ကြောင့် ကင်ပေတိုင်မှ လွတ်လွတ်ချင်း နတ်နွယ်တို့ အိမ်ထောင်စုသည် စစ်ကိုင်းသို့ပြောင်းခဲ့၏။

စစ်ကိုင်းတွင် တစ်နှစ်လောက် နေသည့်အတွင်း နတ်နွယ်သည် ဂျပန်စကားပြန် လုပ်ခဲ့၏။

မဟာမိတ်လေယာဉ်ပျံများ ဗုံးအကြီးအကျယ်ကြဲလာသောအခါ ၎င်းတို့မိသားစုသည် ဧရာဝတီမြစ်အနောက်ဘက်ရှိ မြေငူရွာသို့ ပြောင်းရွှေ့ခိုလှုံခဲ့ကြ၏။

နတ်နွယ်သည် ဂျပန်ခေတ် သုံးနှစ်တွင် ဝတ္ထု၊ မဂ္ဂဇင်း၊

mgyoe.com

mgyoe.com


ဂျာနယ်များကို စွဲစွဲမြဲမြဲ ဖတ်ခဲ့လေသည်။

* * *

စစ်ပြီးတော့ နတ်နွယ်တို့ အိမ်ထောင်စုသည် မြစ်ကြီးနားသို့ မပြန်တော့၊ နတ်နွယ်အား ကျောင်းထားရန် မန္တလေးသို့ ပြောင်းရွှေ့ခဲ့ကြလေသည်။

ဗုဒ္ဓသာသနနုဂ္ဂဟ အထက်တန်းကျောင်းတွင် လေးတန်းမှစ၍ တက္ကသိုလ်ဝင်တန်းအထိ နတ်နွယ်သည် ပညာရင်နို့သောက်စို့ခဲ့၏။

တစ်နှစ် နှစ်တန်းတက်ခဲ့ရာ ၁၉၄၈ ခုနှစ် အသက်ဆယ့်ငါးနှစ်အရွယ်တွင် နတ်နွယ်သည် ၈ တန်းမှနေ၍ တက္ကသိုလ်စာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့၏။ ကျ၏။

၁၉၄၉ ခုနှစ်တွင် ကျိန်းသေပေါက်အောင်မည်ဟု နတ်နွယ်က တွက်ထား၏။ သို့သော် စာမေးပွဲ မတိုင်ခင် တစ်လလောက်တွင် မန္တလေးမြို့ကို သူပုန်သိမ်းခဲ့၏။

ကျောင်းတွေ အလိုလို ပိတ်သွား၏၊ စာမေးပွဲ အလိုလိုရက်ရွှေ့သွား၏။ တိုင်းပြည်ကြီး ရှေ့ဘယ်လိုဖြစ်မည်ကို မည်သူမှမပြောနိုင်၊ စာမေးပွဲ ဘယ်တော့ ကျင်းပမည်ကို မည်သူမျှ မခန့်မှန်းနိုင်။

နတ်နွယ်သည် အိမ်မှ ပထမအကြိမ် ထွက်ပြေးခဲ့၏။ ရန်ကုန်သို့ မီးရထားလမ်းဖြင့်ပြေးရာ တောင်ငူမှ ပြန်လှည့်လာ၏။

တစ်လလောက်အကြာတွင် ဒုတိယအကြိမ် ထွက်ပြေးပြန်၏။ ဤအကြိမ်ကား ပြည်ဘက်မှလှည့်၍ ရန်ကုန်သို့ ကားလမ်းခရီးသွားခြင်း ဖြစ်၏။

* * *

နတ်နွယ်သည် ကျောင်းလက်ရေး မဂ္ဂဇင်းများတွင် ဝတ္ထုတိုများ၊ ကဗျာများ စရေးခြင်းဖြင့် တစ်စထက်တစ်စ စာပေစိတ်ပြင်းထန်လာခဲ့၏။

၁၉၅၀ ခုနှစ်တွင် ပထမအကြိမ် စတင်ပုံနှိပ်ခြင်းအဆင့်သို့

mgyoe.com

mgyoe.com



ရောက်ခဲ့၏။ လူထုဂျာနယ်၊ ကလောင်စုံမဂ္ဂဇင်း၊ စုံထောက်မဂ္ဂဇင်းတို့တွင် ဆောင်းပါး ဝတ္ထုအများအပြား ရေးခဲ့၏။

နောက် ၁၉၅၃ ခုနှစ်ကျတော့ ရန်ကုန်ဆင်းလာပြီး စာပေလောကသို့ ခြေတစ်ဖက်နင်းခဲ့၏။ ရုပ်ရှင်ဝတ္ထု မဂ္ဂဇင်းတွင် တာဝန်ခံ အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့၏။

၁၉၅၄ ခုနှစ်တွင် ပုဒ်မ (၅) ဖြင့် အဖမ်းခံရ၏။ အချုပ် လေးလတွင် နှစ်ကြိမ် အစာငတ်ခံ ဆန္ဒပြခဲ့၏။ တစ်ကြိမ်လျှင် သုံးရက်ကြာ၏။ ပထမအကြိမ်မှာ အထူးတန်းရရေးဖြစ်ပြီး ဒုတိယအကြိမ်မှာ ရက်ရှည်လများ အချုပ်မှာထားခြင်းကို ဆန္ဒပြ အရေးဆိုခြင်း ဖြစ်၏။

အချုပ်မှလွတ်သောအခါ စာပေလောကသို့ ခြေစုံပစ်ဝင်ခဲ့တော့၏။ စုံထောက်ဝတ္ထုမဂ္ဂဇင်းတွင် စာတည်းအဖွဲ့ဝင်တစ်ဦးအဖြစ် လုပ်ကိုင်ရင်း ဝတ္ထုတို၊ ရှည်များကို ရေးခဲ့သည်။

* * *

နတ်နွယ်သည် ကျောင်းသားဘဝမှ စာရေးဆရာ ဘဝသို့ တိုက်ရိုက်ကူးပြောင်းလာသူတစ်ဦး ဖြစ်ပေသည်။ သူသည် အခြားအသက်မွေးဝမ်းကျောင်းပညာဆို၍ ဘာတစ်ခုမှ မည်မည်ရရ သင်ခဲ့ဖူးသည် မရှိချေ။ စာပေလုပ်ငန်းကလွဲ၍ ဘာအလုပ်ကိုမှ လုပ်ဖူးသူ မဟုတ်ချေ။

သူ၏ဘဝ အတွေ့အကြုံသည် ကျဉ်းမြောင်းသည်။ နုနယ်သည်။ စာတွေ့သာ များလေသည်။ သူ့အဖို့ စာဖတ်ခြင်းနှင့် စာရေးခြင်းသာ အလုပ်ရှိလေသည်။

နတ်နွယ်သည် စာရေးစာဖတ်ခြင်းကလွဲရင် စကားပြောခြင်းကို ပင် သိပ်ဝါသနာထုံသူ မဟုတ်ပါပေ။

သူသည် စကားပြောရင်း ကြီးလာသူမဟုတ်၊ တစ်ယောက်တည်း တွေးတောရင်း ကြီးပြင်းလာသူ ဖြစ်ပေ၏။ နတ်နွယ် စကားပြောရန် အင်မတန် ဝန်လေး၏။ သူသည် စည်းရုံးရေးသမားကောင်း ဖြစ်လာနိုင်ဖို့ ခဲယဉ်း၏။ ခတ်မသိသူများက စကားနည်းသည်ဟု မမြင်ဘဲ ဟန်ကြီးပန်ကြီး လုပ်သည်၊ ဘဝင်မြင့်သည်ဟု ထင်နိုင်သည်။

mgyoe.com

mgyoe.com



စင်မြင့်ပေါ်က တရားဟောခြင်း၊ အသံချဲ့စက်နှင့် လှုံ့ဆော်ခြင်း၊ စကားရည်လုပွဲတွင် ပြောခြင်းနှင့် အစည်းအဝေးများတွင် အဆိုတင်ခြင်း တို့ကို နတ်နွယ်သည် မလုပ်ချင်ဆုံး ဖြစ်၏။ ထို့ကြောင့် သူသည် နိုင်ငံရေးသမားတစ်ယောက်၊ 'ပါတီတပ်သားကောင်း' တစ်ယောက် ဖြစ်မလာနိုင်ဟု သူကိုယ်တိုင် ခံယူပြောဆိုလေ့ရှိ၏။

သို့သော် ဆွေးနွေးပွဲများ၊ အစည်းအဝေးများတွင်တော့ ရင်းရင်း နှီးနှီး တက်တက်ကြွကြွ ပါဝင်ဆွေးနွေးလေ့ ရှိပေသည်။ ထို့ကြောင့် သူသည် လူထုအဖွဲ့အစည်းများတွင် ပါဝင်ခဲ့ခြင်း ဖြစ်ပေ၏။

မန္တလေးမြို့တွင် သူသည် ဗလစ လူငယ်တွင် တက်ကြွစွာ လုပ်ခဲ့၏။ ကလောင်သစ်လူငယ်အဖွဲ့တွင် ပါဝင်ခဲ့၏။

သို့သော် သူသည် တစ်ခါဖူးမျှ ကျောင်းသားသမဂ္ဂအမှုဆောင် တစ်ဦး၊ ကျောင်းသားခေါင်းဆောင် ဖြစ်ခဲ့ဖူးသည် မရှိခဲ့။

၁၉၅၅ ခုနှစ်တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း၌ အမှုဆောင် တစ်ဦးဖြစ်ခဲ့၏။ ၁၉၅၇ ခုနှစ်တွင် သူသည် ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက်(မြန်မာနိုင်ငံ)၏ အလုပ်အမှုဆောင်တစ်ဦး ဖြစ်ခဲ့၏။

သူသည် စာရေးခြင်းထက် စာဖတ်ခြင်းကို ပို၍ တပ်မက်မောသူ ဖြစ်လေသည်။

* * *

ဒီမိုကရေစီသမ္မတနိုင်ငံ ဗီယက်နမ်ဆိုသော စာအုပ်ကို မိုးဝေ၊ နေသွေးနီတို့နှင့် သုံးယောက်ပေါင်း၍ ဘာသာပြန်ဖူးသည်။ သူ၏ ပထမဆုံး ပုံနှိပ်လုံးချင်းမှာ 'မိုးထဲလေထဲ' ဖြစ်၏။ (၁၉၅၄ ခု၊ နိုဝင်ဘာလ)၊ ဒုတိယ လုံးချင်းမှာ 'အပြာ'ဖြစ်၏။ (၁၉၅၆ ခု၊ ဖေဖော်ဝါရီလ)၊ 'ချစ်သောကြောင့်' (၁၉၅၆ ခု၊ ဇူလိုင်)၊ 'မျက်ဝါးထင်ထင်' (၁၉၅၆ ခု၊ နိုဝင်ဘာလ)။ ယခု 'နှစ်ကြီးသမား'မှာ နတ်နွယ်၏ ပဉ္စမ အကြိမ်မြောက် လုံးချင်းဝတ္ထုတစ်ပုဒ် ဖြစ်ပေ၏။

* * *

mgyoe.com

mgyoe.com



နတ်နွယ်သည် အသက် ၂၃ နှစ်အရွယ်၌ ကျောင်းသူလေး တစ်ဦးနှင့် အိမ်ထောင်ကျပြီး ယခုအခါ သားယောကျ်ားလေးတစ်ဦးပင် ရရှိလျက် ရန်ကုန်မြို့၊ အလုံထဲတွင် နေထိုင်လျက်ရှိပေ၏။

သူကား နောက်ဆုံးတော့ အသက်အစိတ်မှ မပြည့်တတ်သေးသော လူငယ်တစ်ဦး၊ အိမ်ထောင်ကျခါစ၊ အတွေ့အကြုံနည်းပါးသူနှင့် နုနယ်သော စာပေသမားတစ်ယောက်သာ ဖြစ်ပေသေးတော့သည်။

၂၅ နှစ်ဆိုသည်မှာ ရာဇဝင်စက္ကန့်ပိုင်းမျှသာ မဟုတ်ပါကလား။

❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ၁။ ရှေ့ရေး

မကြာခင်ပဲ မိုးလင်းတော့မည်။

ကျွန်တော်က တဖျတ်ဖျတ် နိုးနေသော အိပ်ခြင်းကို စိတ်မရှည်တော့။ စောင်ကို ခွာ၍ အိပ်ရာမှ ထလိုက်သည်။

"လူလေး...ထမလို့လား"

တစ်စောင်တည်းခြုံ၍ အိပ်ရသော အမေကြီးက မေးလိုက်သည်။ အမေကြီးလည်း တစ်ညလုံး ကောင်းကောင်းအိပ်ပျော်ဟန်မတူ။ ချောင်းခဏခဏ ဆိုးနေသည်။ ကျွန်တော် မနိုးခင်ကတည်းက အမေကြီး နိုးနှင့်နေတာလည်း ဖြစ်ချင်ဖြစ်မည်။ ကျွန်တော်ထလိုက်လို့ အမေကြီးနိုးသွားတာလည်း ဖြစ်ပေမည်။ မည်သို့ပင်ဖြစ်စေ အမေကြီးက အိပ်ရေးဆတ်၏။

လူကြီးမို့ အအိပ်အနေ နည်းသည်လည်း ဖြစ်၏။ ပြီးတော့ ပစ္စည်းတွေကို စိတ်မချ၍လည်း ဖြစ်ပေမည်။

"ဟုတ်ကဲ့...အပြင်ထွက်မလို့"

"သတိထားသွားနော်၊ မြွေပါးကင်းပါး"

"လသာနေပါတယ်၊ မိုးလည်း လင်းတော့မှာပါ"

mgyoe.com

mgyoe.com


ကျွန်တော်က ကွပ်ပျစ်ပေါ်မှဆင်းလိုက်သည်။ တော်တော် ချမ်းအေး၍ ပြုတ်နေသော လည်ပင်းကြယ်သီးကို တပ်လိုက်သည်။ ဖိနပ် နှစ်ဖက်က ကျွန်တော် ညကချွတ်ထားသောနေရာတွင် ယှဉ်လျက်သား မရှိတော့။ တစ်ဖက်က မှောက်နေပြီး တစ်ဖက်ကို သုံးလှမ်းကွာလောက်တွင် ရှာဖွေယူရသည်။ ခွေးချီသွားခြင်း မဟုတ်သည့်အတွက် စိတ်အေးသွားသည်။ တစ်ယောက်ယောက် တိုက်သွားခြင်း ဖြစ်ပေမည်။

ကျွန်တော်က ရေအိုးစင်သို့ အရင်သွား၍ ရေတစ်ခွက်ခပ်သောက်လိုက်သည်။ နှီးရေခွက်အသစ်ဖြစ်၍ ရေက အနံ့ထွက်နေသည်။

"ဝါးပုံတွေဘက် မထွက်နဲ့၊ ကမ်းပါးဘက်သွား၊ ကြားလား လူလေး"

အဖေက ပြောလိုက်ပြန်ရာ ကျွန်တော်တစ်ယောက်တည်း နိုးနေသည်မဟုတ်ကြောင်း ထင်ရှားပြန်၏။ ကျွန်တော်တို့ မိသားစုလေးယောက်က ကွပ်ပျစ်ကြီးတွင် တောင်မြောက်တန်း၍ အိပ်ကြခြင်း ဖြစ်သည်။

"ဟုတ်ကဲ့"

အမေလည်း နိုးချင်နိုးနေပေမည်။ သို့သော် ကျွန်တော့်အား ဘာမှ လှမ်းမပြောချေ။

အိမ်ပေါ်မှလည်း ကြမ်းသံကြားရသည်။ အိမ်ရှင်များလည်း နိုးကုန်ကြပြီနှင့်တူ၏။ ကျွန်တော်လည်း အိမ်ရှေ့ထွက်မိရော အိမ်ပေါ်မှလည်း မီးခွက်ထွန်းလိုက်ရော ဖြစ်၏။

အိမ်ရှေ့ကွက်လပ်တွင်ကား ကျွန်တော်တို့၏ ပစ္စည်းပုံကြီး ရှိလေသည်။ ပစ္စည်း လှည်းနှစ်စီးတိုက်ကို အားလုံးစုပုံထပ်ပြီး ဖျာကြမ်းများ အုပ်မိုးကာ အပေါ်မှ လေမလှန်နိုင်အောင် သစ်တုံးများ ဖုံးဖိထား၏။

အမှန်ကား ဤကွက်လပ်သည် ပဲနယ်ရာ တလင်းဖြစ်သည်။ ပစ္စည်းပုံ၏ အနောက်ဘက်တွင် ဦးလှန်ထားသော လှည်းအိမ်ရှိပြီး နွားနှစ်ကောင်က မန်ကျည်းပင်အောက်တွင် ရှိလေသည်။

ကျွန်တော်က လှည်းနှင့် ပစ္စည်းပုံကြားမှ ထွက်လာရာ ဝါးဝအနီး သရက်ပင်ကို မှီထောင်ထားသော ဝါးတိုက်အတွင်းမှ ရှဲရှဲဟူသော အသံကို ကြားရ၏။ ဘာမှတော့ မမြင်လိုက်ရ။ ကင်းလိပ်လား၊ မြွေလား မပြောတတ်။ ဝါးစည်းများတွင် မြွေများပါလာတတ်သည်။ ထို့ကြောင့် အမေကြီးက

mgyoe.com

mgyoe.com


ကျွန်တော့်အား သတိပေးခြင်း ဖြစ်၏။

ဤအရပ်တွင် မြွေကို 'ကောင်ရှည်'ဟု ခေါ်ကြသည်။ ကျွန်တော်တို့ကတော့ တစ်ပါးအရပ်မှဖြစ်၍ နှုတ်ကျိုးနေသည့်အတိုင်း မြွေဟုပဲ ခေါ်ပြောမိတတ်၏။ ပြင်ခေါ်၍မရ၊ သူတို့က မြွေဟုခေါ်သည့်အတွက်တော့ ဒါလောက် မျက်နှာမပျက်တတ်ကြ။ ထိုဒေသတွင် နာမည်ထုတ်မခေါ်ရသော တိရစ္ဆာန်တစ်မျိုး ရှိသေးသည်။ ထိုသည်က ကျားပဲဖြစ်၏။ တပယ်တောင်တန်းကို စိုးစံသော 'တပယ်ရှင်မ'က မကြိုက်ဟု ဆို၏။ ရုပ်သေးကလျှင်ပင် ကျားမထွက်ရ။ ကျွန်တော်တို့က ရွာသားများကို အားနာ၍ ကျားဟုမသုံးပါ။ အဖေကလည်း ကြပ်ကြပ်တည်းတည်း လိုက်နာစေပါသည်။

သို့သော် အဖေသည် ကျွန်တော်နှင့် နှစ်ယောက်တည်း တပယ်တောင်ရိုးဘက်သို့ ရောက်တိုင်း ကျွန်တော့်အား...

"လူလေးရ၊ ဒါမျိုးတွေ မယုံနဲ့ဟေ့၊ ကျားဟာ ကျားပဲပေါ့ကွ၊ ဘယ်သူ့ဘာကြောက်ရမလဲ။ ဒီနတ်ဆိုတာတွေဟာ အလကားပါကွာ။ ဒါပေမဲ့ ခက်တာက ရွာခံမိတ်ဆွေတွေကို အားနာရမယ် မဟုတ်လား၊ အဲ့တော့ သူတို့စိတ်မကောင်းအောင်တော့ မလုပ်နဲ့ပေါ့ကွာ"ဟု ပြောလေ့ပြောထ ရှိပါသည်။

ကျွန်တော်က ရှင်းလင်းသည့်နေရာမှလျှောက်ကာ ဝင်းတံခါးဟု ဆိုရမည်ဖြစ်သော ဝါးသုံးတန်းအနက် အထက်နှစ်တန်းကို ဖြုတ်ပြီး အောက်တန်းကိုကျော်၍ ဝင်းပြင်သို့ ထွက်ခဲ့ပါသည်။

ထိုဒေသများတွင် တချို့အိမ်များသာ ခြံစည်းရိုးကို ဆီးခက်များဖြင့် ကာလေ့ရှိပြီး အများအားဖြင့် ဝါးလုံးရှည်များ သုံးလေးတန်း ကာထားတတ်သည် များပါ၏။ ရွာစည်းရိုးကိုတော့ အကျအန လုပ်ထားကြပါ၏။ သူခိုးမကြောက်ရ၊ ဓားပြတော့ သတိထားရသည်။ တိုက်ပြီဆိုမှဖြင့် ရွာလုံးကျွတ်ပဲ ဖြစ်၏။

ကျွန်တော်က ဝင်းပြင်သို့ထွက်မိသည်ဆိုလျှင်ပင် ကမ်းနဖူးသို့ ရောက်ရှိနေပါတော့၏။ တကယ်တော့ ပုဏ္ဏားခြံရွာသည် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်း ရိုးတွင်တည်ထားသော ရွာတန်းရှည်လေး ဖြစ်ပါ၏။ အိမ်ခြေတစ်ရာလောက် ရှိ၏။

ကမ်းနဖူးတွင် ကျွန်တော်က ထိုင်လိုက်သည်။ ကမ်းပါးစောက်က

mgyoe.com

mgyoe.com

ဝါးတစ်ရိုက်လောက် ရှိလေသည်။ ကျွန်တော်ရောက်ရှိနေသော နေရာက ရွာအလယ်ဖြစ်ပြီး လှည်းဆင်းနိုင်ရန် ကမ်းပါးကို တူးဖြို ထားလေသည်။ အခြားနေရာများတွင်တော့ မြေကြီးကို လှေကားထစ်များ ပြုလုပ်ထားပြီး ရေချိုးရေခပ်ဆင်းကြလေသည်။

ရေကြီးချိန်မဟုတ်၊ အောက်ကမ်းပါးက ပွဲတစ်ခင်းစာလောက် ကျယ်လေသည်။ အောက်ကမ်းပါးပေါ်တွင် ဝါးစည်းများရှိသည်ဟု ကျွန်တော်က မိုးသောက်ရောင်တွင် မှုန်ဝါးဝါးမြင်ရ၏။ ရေစပ်တွင် ဆိုက်ထားကြသော လှေများ၊ ငှက်များကို လှိုင်းများ ပုတ်ခတ်နေသောအသံက ည၏ တစ်ခုတည်းသော ဂီတသံ ဖြစ်လေသည်။

ပုဏ္ဏားခြံရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းမှု လုပ်ငန်း သုံးရပ်မှာ ယာလုပ်ငန်း၊ တောင်းရက်လုပ်ငန်းနှင့် လှေငှက်ပို့ခြင်းလုပ်ငန်းတို့ ဖြစ်ပါသည်။

မြစ်ပြင်ကို ဖြတ်၍လာသော လေတဟူးဟူးတွင် ကျွန်တော်၏ ဦးနှောက်နှင့် နှလုံးသားတို့က လန်းဆန်းကြည်နူးလျက် ရှိပါသည်။ တစ်ဖက်ကမ်းကား စစ်ကိုင်းပဲ ဖြစ်လေသည်။ သို့သော် မမြင်ရ၊ ချွေးဟောင်းသံများနှင့် သောင်ပြင်ထဲမှ တဲကလေးများမှ မီးတလက်လက်ကိုသ- ကြားရ၊ တွေ့ရပါသည်။ နေ့ခင်းဆိုလျှင်တော့ ကောင်းမှုတော် ဘုရားကြီးကို အထင်းသားတွေ့ရ၏။ သို့သော် ကျွန်တော့်အဖို့တော့ နေ့ဖြစ်စေ၊ ညဖြစ်စေ စစ်ကိုင်းသည် စစ်ကိုင်းပဲ ဖြစ်ပါ၏။ ဘယ်ဆီတွင် ဘာရှိသည်ကို ခန့်မှန်းကြည့်နိုင်ပါ၏။ ကျွန်တော်က ဤမြို့တွင် တစ်နှစ်ကျော် နေထိုင်ခဲ့သူ ဖြစ်ပါ၏။ တစ်ဖန် အိမ်ထဲတွင် ကုပ်နေခဲ့သူမဟုတ်ပါ၊ ဂျပန်စကားပြန်လုပ်ရင်း အရှေ့ဘက် စစ်ကိုင်းတောင်ရိုး ဝါးချက်ထန်းတစ်ပင်မှ အနောက်ဘက် သဖြူးဒေါင်းလှထိအောင် ပြေပြစ်ခဲ့သူတစ်ဦး ဖြစ်ပါသည်။ စစ်ကိုင်းမြို့ကို မဟာမိတ်တို့က အကြမ်းပတမ်း ဗုံးကြဲမှု၊ ကျွန်တော်တို့နေထိုင်ရာ လင်းဇင်းရပ်အနီး ငါးထပ်ကြီးဘုရား ပတ်ဝန်းကျင်မှ ဂျပန်တပ်များကို ဗုံးကြဲမှ ကျွန်တော်တို့က ဤအနောက်ဘက်ကမ်းသို့ ပြောင်းပြေးခဲ့ကြခြင်း ဖြစ်လေသည်။

"လာဟေ့...ကိုရင်လေး၊ မီးလှုံလှည့်ပါလား"

ကျွန်တော်က လှည့်ကြည့်လိုက်ရာ ပစ္စည်းပုံအရှေ့ဘက်တွင် မီးထည့်

mgyoe.com

mgyee.com


နေသော အိမ်ရှင်ဘကြီးထွေးအား တွေ့ရပါသည်။ ဝါးစများကို မီးထည့်သည်ဖြစ်၍ တဖြိုက်ဖြိုက်နှင့် မီးတောက်ကာ တစ်တောင်ခန့် မြင့်နေပါသည်။ ဘကြီးထွေးက အုတ်ခဲနှစ်ခဲဖြင့် ဖိုခနောက်ပြုနေပြီး မြေရေနွေးအိုးကိုတည်ရန် ဖြစ်ပါသည်။

"ဟုတ်ကဲ့…ဘကြီးထွေး၊ ကျွန်တော်က လေ့လာတော့မလားလို့ စောင့်နေတာ"

"အသံမကြားသေးပါဘူးကွာ၊ လာပါ"

ဘကြီးထွေးက ကျွန်တော့်အား ကောင်းကောင်း သိလေသည်။ ကျွန်တော်တို့က ပုဏ္ဏားခြံရွာတွင် နေသည်မဟုတ်သော်လည်း ကျွန်တော်တို့ ခိုလှုံနေထိုင်သော မြေငူရွာကြီးက ပုဏ္ဏားခြံရွာ၏ အနောက်ဘက် မိုင်ဝက်လောက်တွင် ရှိလေသည်။ မြေငူက ရွာကြီးတစ်ရွာဖြစ်ပြီး အိမ်ခြေထောင့်သုံးရာကျော် ရှိလေသည်။ ကျွန်တော်က မြေငူရွာတွင် စစ်ပြီးသည့်အထိ တစ်နှစ်ကျော်နေထိုင်ရသည့် ကာလအတွင်းတွင် မြေငူရွာသာမက အနီးပတ်ဝန်းကျင် ရွာများကိုပါ ဒိုးလိုမွှေခဲ့ပေသည်။

ရွာသားများလုပ်သည့် အလုပ်ကို အကုန်လုပ်ခဲ့ပါသည်။ နွားကျောင်းသည်၊ ရေထမ်းသည်၊ ထယ်ထိုးသည်၊ ပဲရိတ်သည်၊ ကြက်သွန်နုတ်သည်၊ ငရုတ်ဆွတ်သည်၊ ကန်စွန်းဥ ကောက်သင်းကောက်သည်။ မန်ကျည်း၊ ခွေးတောက်ရွက် တက်သည်။ တပယ်တောင်ခြေသို့ ထင်းလိုက်ခုတ်သည်၊ ပြီးတော့ ပျားဖွပ်သည်၊ ချောင်းထဲတွင် ငါးမြွေထိုး တွင်းနှိုက်သည်၊ ပုစွန်လုံးဖမ်းသည်။ ကစားသည့်ဘက်တွင်လည်း ပေသီးပစ်၊ ခုံညင်းပစ်သာမက 'လှေ'လည်း ထိုးပေးသည်။

ဤပုဏ္ဏားခြံရွာသို့မူ အဖေနှင့် နေ့တိုင်းလောက် ရေချိုးရောက်ခဲ့ပါသည်။ မြေငူက ကုန်းပိုင်းကျလေသည်။ ပုဏ္ဏားခြံက မြေငူ၏ မြစ်ဆိပ်ဟုခေါ်ဆိုနိုင်ပါသည်။ ကျွန်တော်တို့က မြစ်ရေချိုးနေကျဖြစ်၍တစ်ကြောင်း၊ ရေငန်တွင်းများဖြစ်ပြီး ငင်ရသည်ကလည်းနက်၊ ချိုးရသည်ကလည်း ငန်ကျိကျိနှင့်မို့ အညောင်းပြေလျှောက်ရင်း မြစ်ဆိပ်သို့ ရေချိုးဆင်းလေ့ ရှိပါသည်။ ရေချိုးပြီးတိုင်း ဘကြီးထွေး တောင်းရက်သည့်နံဘေးတွင် ထိုင်ရင်း ရေနွေး တစ်ခွက်နှစ်ခွက် သောက်လေ့ရှိပေသည်။ အဖေက စကားပြော

mgyee.com

mgyoe.com


ကောင်းသူတစ်ယောက်ဖြစ်၍ ဘကြီးထွေးက အဖေပြောလျှင် မြတ်မြတ်နိုးနိုး နားထောင်လေ့ ရှိပါသည်။ အဖေနှင့် ကျွန်တော်တို့ကို ခင်ရှာလှသည်။

ကျွန်တော်က ဝင်းထဲသို့ပြေးဝင်ခဲ့ပြီး မီးဖိုတွင် ထိုင်လိုက်ပါသည်။ အဖေလည်း အိပ်ရာမှ ထလာလေသည်။ အနောက်ဘက်အိမ်မှ ကလေးငိုသံ ကြားရ၏။ ကျွန်တော်ကတော့ လှေသံကိုသာ နားစွင့်နေသည်။ မကြာခင် အောက်ကမ်းပါးဆီက လူသံနှင့် ရေသံများ ကြားရ၏။

"ပေါက်မြိုင်က ဈေးငှက်တွေပါ"

ဘကြီးထွေးက ပြောလိုက်၏။

ဟုတ်သည်။ အသံက အထက်သို့ဆန်လေသည်။ ကျွန်တော်တို့ လှေက ခရမ်းပေါက်က စုန်လာပေမည်။ ခရမ်းပေါက်ရွာက ပုဏ္ဏားခြံအထက် တစ်မိုင်လောက်တွင် ရှိလေသည်။

ကိုဘကျော်က ခရမ်းပေါက်မှလှေကို ငှားထားလေသည်။ ကျွန်တော် တို့က ည ၁၀ နာရီလောက်က လှည်းနှစ်စီးဖြင့် မြေငူရွာမှ ထွက်ခဲ့ကြသည်။ မနက်ကျမှဆိုလျှင် ပျာယီးပျာယာနိုင်မည်စိုး၍ ဖြစ်သည်။ ညကလည်း ကျွန်တော်တို့သည် ဤမီးဖိုတွင် ထိုင်ခဲ့ကြ၏။ ကျွန်တော်က ၁၂ နာရီလောက် တွင် အိပ်ရာဝင်ခဲ့သော်လည်း အဖေတို့ကတော့ အနည်းဆုံး နှစ်ချက် လောက်မှ အိပ်ကြမည်။ ခု ၄ နာရီလောက်တွင် ထကြပြန်သည်။

"ဘကျော်က ကျုပ်ကို ပြောရောပေါ့ ကိုဘဝင်းရာ၊ ဘိုးခွေးလှေငှား ပေးမှာပေါ့"

ကိုဘကျော်က ပုဏ္ဏားခြံလှေများ တောင်းပို့စရာရှိ၍ ခရမ်းပေါက် ကို လှေသွားငှားရသည်ကို ဘကြီးထွေးက ထပ်တလဲလဲ အပြစ်တင်လျက် ရှိသည်။ အနောက်တံခါးဆီမှ ခွေးဟောင်သံ ကြားရ၏။

မကြာခင်ပဲ ကိုဘကျော် ရောက်ရှိလာသည်။ သူက မြေငူမှ မနက် ထလာခြင်းဖြစ်၏။ ကျွန်တော်တို့အား ရွှေကြက်ယက်အထိ လိုက်ပို့သည်။ မိတ်ဟောင်းတစ်ဦး ဖြစ်လေသည်။

"လှေလာနေပါပြီ၊ သရက်ပင်နားက ကျွန်တော် အသံကြားခဲ့တယ်"

သူက မြစ်ရိုးဘက်မှ လှည့်လာခြင်း ဖြစ်လေမည်။ လေကြောင်း သင့်လျှင် မြေငူရွာ ရှေ့ကျောင်းလောက်မှပင် မြစ်ကွေ့ထဲမှ အသံဗလံများကို

mgyoe.com

mgyoe.com


ကြားရပါသည်။ ဘာပဲဖြစ်ဖြစ် ကိုဘကျော် လက်ဖက်ရည် နှစ်ပန်းကန် လောက် သောက်မိချိန်တွင် စုန်လှေတစ်စင်း၏ အသံကို ကြားရပါသည်။

ကျွန်တော်က ကမ်းနဖူးသို့ တစ်ခေါက်ထွက်ခဲ့ပါသည်။ မြစ်အထိ ရေအလယ်မှ မီးတဖွားဖွားနှင့် မျှောလာသော လှေသံကို ကြားရပါသည်။ စကားပြောသံကြားရ၍ လူနှစ်ယောက်ပါကြောင်း သိပါ၏။

ဤသို့ဆိုလျှင် လှေသမားနှစ်ယောက် ကျွန်တော်တို့ အိမ်သားလေး ယောက် ကိုဘကျော်နှင့် ပေါင်းခုနစ်ယောက် ဖြစ်ပေမည်။ ကိုဘကျော်နှင့် အဖေကလည်း ထွက်လာကြလေသည်။

"ကိုခွေးလား"

"အေ...ဘကျော်ရေ၊ ကပ်ရမလား"

"အောက်နား နည်းနည်းမျှောကပ်"

ကိုဘကျော် အော်ပြောရာမှ အဖေ့ဘက်လှည့်ပြီး "ရွှေကြက်ယက် ၁၀ နာရီထက် နောက်မကျပါဘူး၊ လေရလို့ ရွက်တိုက်ရရင် ၉ နာရီလောက် တောင် ရောက်နိုင်ပါတယ်"

ကျွန်တော်တို့က ထိုနောက် ပစ္စည်းတွေကို လှေပေါ်တင်ကြပါသည်။ လေးလံသောပစ္စည်းများကို လှေသမားနှစ်ယောက်၊ ကိုဘကျော်၊ ဘကြီး ထွေးနှင့် အဖေတို့ကသယ်ပြီး အမေနှင့်ကျွန်တော်က ပေါ့ပါးသော ပစ္စည်းများ ကို သယ်ကူရပါသည်။ အခေါက်ခေါက်အခါခါ သယ်မိသောအခါ ပစ္စည်း အားလုံးက လှေပေါ်ရောက်၍ လှေထွက်ရန် အသင့်ဖြစ်လေတော့သည်။

မိုးလည်းလင်းပေပြီ။ တစ်ရွာလုံးလည်း လှုပ်ရှားလျက်နေပေပြီ။ အရှေ့အရပ်မှ စစ်ကိုင်းတံတားနှင့် နောက်ခံ ရှမ်းပြည်နယ်တောင်တန်းများ ကိုပင် မြင်နိုင်နေပေပြီ။

ကျွန်တော်တို့လှေသည် ခတ်တက်နှင့် ထိုးဝါးပါသော်လည်း လိုအပ်မှ သာ အသုံးပြုဖို့ ဖြစ်၏။ သို့မဟုတ်ရင်တော့ လေရလျှင် ရွက်တိုက်ပြီး လေမရှိလျှင် ကြိုးဆွဲလေသည်။

အမေနှင့်အမေကြီးက လှေဝမ်းတွင်း ပေါင်းထဲတွင် နေကြပြီး အဖေ နှင့်ကိုဘကျော်က ပဲ့ဘက်တွင် ထိုင်လျက်ရှိကြသည်။ ကျွန်တော့်ကိုလည်း အဖေက ပေါင်းမိုးထဲတွင် နေရန်ပြောသော်လည်း ခရီးသွားလျှင် ဘယ်ဘယ်

mgyoe.com

mgyoe.com


ညာညာကိုကြည့်ရမှ ကျေနပ်သော ကျွန်တော်က လှေဦးတွင် ထိုင်လျက်ရှိပါသည်။

ပုဏ္ဏားခြံရွာကိုလွန်သောအခါ ပုဏ္ဏားခြံကျောင်း၊ မြေငူရွာ၊ ရွာတောင်ဘက်က မန်ကျည်းပင်နှင့် ရေတွင်းလေး။ ဘုရားဖြူတောရကျောင်း၊ ညောင်ချဉ်ပင် စသည်တို့ကို တစ်ခုပြီးတစ်ခု ဆက်စပ်လျက် တွေ့မြင်ရပါသည်။ ကျွန်တော်က ဒါတွေကိုမြင်ရတော့ တစ်နှစ်ကျော် နေထိုင်သွားလာခဲ့သည်များကို ပြန်ပြောင်း သတိရမိပါသည်။

တစ်နေရာမှ ပြောင်းခဲ့ရပြန်ပြီ။

ဤလွန်ခဲ့သည့် သုံးလေးနှစ်အတွင်း ကျွန်တော်တို့အိမ်ထောင်က ဟိုမှဒီ ဒီမှဟို ပြောင်းခဲ့ရသည့် အကြိမ်ပေါင်းလည်း များခဲ့ပေပြီ နယ်လည်းစုံခဲ့ပါပြီ။ ခရီးတာအားဖြင့်လည်း မြန်မာပြည် တစ်ဝက်ကျိုးခဲ့ပါပြီ။ ရထား၊ ကား၊ လှေ၊ လှည်း စသည့် ယာဉ်ပေါင်းစလည်း စုံခဲ့ပါပြီ။

စစ်ကြီးပြီးပြီမို့ ဤအကြိမ်သည် နောက်ဆုံးပြောင်းရွှေ့ခြင်းပဲ ဖြစ်ပါစေတော့။

"လူလေး...လိမ့်ကျမယ်နော်"

အဖေက ပြောလိုက်၏။ ကျွန်တော့်လှေဦးက ခုမှ ပို၍ ကောင်းနေသည်။ နေထွက်လာသည်မို့ နေရောင်တွင် နွေးသည်၊ တောက်ပသစ်လွင်သည်။ ကျွန်တော်တို့က ခရမ်းပေါက်ရွာကို ကျော်လွန်ခဲ့ပေပြီ။

စစ်ကြီးဖြစ်၍ ဂျပန်လေယာဉ်ပျံတွေ မြစ်ကြီးနား လေယာဉ်ပျံကွင်းကို ဗုံးလာကြဲကတည်းက ကျွန်တော်တို့က စတင်ပြောင်းရွှေ့လာခဲ့ရသည်။ သို့သော် မြစ်ကြီးနားမြို့ထဲမှာ တောပိုင်းလောက်သို့သာ ဖြစ်ပါ၏။ ဂျပန်များမြို့သိမ်းပြီးသောအခါ မြို့ထဲသို့ ပြန်ပြောင်းခဲ့သည်။ တစ်ဖန် မဟာမိတ်လေယာဉ်ပျံများ အစွမ်းပြလာပြန်သောအခါ ခြံထဲသို့ ရွှေ့ကြရပြန်သည်။ ဒီလိုနှင့်ပင် တစ်နှစ်ကျော်ကာလအတွင်း မြို့ထဲနှင့်ခြံကို အကြိမ်ကြိမ် ပြောင်းရွှေ့ခဲ့ရပါသည်။ နောက်တစ်နှစ်ကျော်ကြာသောအခါ ကျွန်တော်တို့သည် မီးရထားတွဲဝက်တွင် ပစ္စည်းများကိုတင်ကာ စစ်ကိုင်းမြို့သို့ ပြောင်းရွှေ့ခဲ့ကြပါသည်။ မြစ်ကြီးနားတွင်ကား တို့မီးရှို့မီးများရှိ၍ အသက်ပင် စိုးရိမ်လာရ၍ ဖြစ်ပါသည်။ ရထားနှင့်လာရာတွင် ဂျိုးဖြူနှင့် ကိုးတောင်ပို့ကြား၌ တံတား

mgyoe.com

mgyoe.com


ကျိုးနေ၍ သယ်ရ ပိုးရနှင့် ချောင်းကို ဖောင်ဖြင့်ဖြတ်သန်းခဲ့ရပါသည်။

တစ်ဖန် စစ်ကိုင်းတွင်လည်း ဟိုပြောင်းလိုက် ဒီပြောင်းလိုက်နှင့် နောက်ဆုံး မြေငူရွာသို့ ရောက်ခဲ့ပါသည်။ မြေငူရွာတွင်လည်း အိမ်ငှားဖြစ်၍ ဟိုအိမ်ပြောင်း ဒီအိမ်ပြောင်းနှင့် အရှေ့ပိုင်း၊ အနောက်ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း စုံခဲ့ပါသည်။ ကျွန်တော် မှတ်မိသလောက်ဆိုလျှင် ဤစစ်အတွင်းတွင် ကျွန်တော်တို့သည် အိမ်ဆယ့်ရှစ်အိမ် ပြောင်းရွှေ့နေထိုင်ခဲ့ရပါသည်။

"လူလေး…အထဲဝင်ဟေ့၊ နေပူတယ်"

အဖေက ပြောပါသည်။ လက်ဆောင်ယူ ရောက်တော့ ရှစ်နာရီ ထိုးခါနီးနေပြီ။ ကြိုးသိမ်းပြီး ရွက်တင်ကြပါသည်။ အကြောင်းမှာ မြစ်သည် အရှေ့အနောက်စီးပြီဖြစ်၍ တောင်လေကိုဖမ်း၍ ရွက်လွှင့်ရန် ဖြစ်ပါသည်။ သို့သော် ငါးရာဖျားရွာ လွန်သောအခါ လေကိုအားမရ၍ ရွက်ကိုချကာ ကြိုးပြန်ဆွဲခဲ့ပါသည်။ နောက်ကို သို့ပြန်ကြည့်လိုက်လျှင် မြေငူရွာကို မမြင်ရတော့၊ လုံးဝ ကျန်ရစ်ခဲ့လေပြီ။ စစ်ကြီးပြီးသောအခါ စစ်ပြေးများသည် အသီးသီး ကိုယ့်အိမ်ကို ပြန်ကြကုန်လေသည်။ သို့သော် ကျွန်တော်တို့သည် မြေငူရွာတွင် တစ်ရွာသားများအဖြစ် တစ်ဦးတည်း ကျန်ရစ်ခဲ့လေသည်။ တစ်လလည်း မပြောင်းသေး၊ နှစ်လလည်း မပြောင်းသေးပေ။ ကျွန်တော်ကတော့ မြို့သို့ ပြန်ချင်လှသည် မရှိပေ။ သို့သော် အဖေတို့ အမေတို့ မပြောင်းသေးသည်ကိုတော့ အားမရ၊ နားမလည်မိပေ။

သင်္ကြန်တက်ပြီး၍ မေလထဲရောက်လာမှ အဖေက ကျွန်တော့်ကို မင်း ကျောင်းနေရတော့မယ်ဟု ပြောပါသည်။ ဒီအတွင်းတွင် အဖေသည် အမေနှင့်သော်လည်းကောင်း၊ အမေကြီးနှင့်သော်လည်းကောင်း ပြောင်းရွှေ့ရေးနှင့် လုပ်ငန်းကိုင်ငန်းများအကြောင်း ဆွေးနွေးသည်ကို ကြားရပါသည်။ အစကတော့ အဖေ၏သဘောကို အမေကြီးနှင့်အမေက သဘောမတူပေ။

အကြောင်းမှာ ကျွန်တော်တို့က အနှစ်သုံးဆယ်ကျော်နေခဲ့သော မြစ်ကြီးနားမြို့သို့လည်း ပြန်မပြောင်းတော့တဲ့။ အိမ်တစ်လုံးဆောက်ထားတဲ့ စစ်ကိုင်းသို့လည်း မပြန်တော့တဲ့။

"မင့်အဖေ ခေါင်းချတဲ့ နေရာမှာပဲ၊ အမေခေါင်းချချင်တယ်ကွယ်"

mgyoe.com

mgyoe.com

ဟု အမေကြီးက ပြောပါ၏။ ကျွန်တော်တို့အဘိုးမှာ မြစ်ကြီးနားတွင် မဟာမိတ်လေယာဉ်ပျံမှ ပစ်လွှတ်လိုက်သော စက်သေနတ်ကျည်ဆန်များအောက်တွင် အသက်ဆုံးရှုံးခဲ့ရလေသည်။

အမေကလည်း ထို့အတူပင် အမေ့ဆွေမျိုးများရှိရာ မွေးကတည်းက နေခဲ့သော မြို့ကို ထာဝစဉ်စွန့်လွှတ်၍ အရပ်တစ်ပါးတွင် ရိုးမြေမကျချင်ရှာပေ။

သို့သော် အဖေက စကားပြောကောင်းသည်။ အဖေ၏ အကြောင်းပြချက်ကို သူတို့က မငြင်းဆန်နိုင်ကြချေ။ အဖေအကြောင်းပြသည်က ကျွန်တော်ပဲ ဖြစ်၏။ ကျွန်တော်က သူတို့အားလုံး၏ အသည်းဖြစ်လေသည်။

"လူလေးကို ကျောင်းထားရမယ် မဟုတ်လား၊ မြစ်ကြီးနားမှာ ကျောင်းရှိပေမဲ့ လူလေးကို မြို့ကြီးပြကြီးမှာ လူဖြစ်စေချင်တယ်။ ပြီးတော့ သူ ၁၀ တန်းအောင်ရင် ကောလိပ်ဆက်ပို့ရမယ် မဟုတ်လား။ မြစ်ကြီးနားက နေဆိုရင် လူလေးကို တခြားမှာခွဲပြီး ကောလိပ်တက်စေရမယ်။ မန္တလေးမှာဆိုရင်တော့ အိမ်ကနေပဲ ကောလိပ်ကို သွားနိုင်တယ် မဟုတ်လား။ ဒါမှ အဆိုအဆုံးမအောက်မှာ ဒီကလေးဟာ လိမ္မာလာမှာ၊ ပညာထူးချွန်လာမှာ။ ပြီးတော့ လူလေးဟာ ပညာဘက်မှာ ပေါက်ပေါက်ရောက်ရောက်ရှိမယ့် ကလေးမဟုတ်လား။ ဉာဏ်ကောင်းတယ်၊ ကြိုးစားတယ်၊ ပညာကို လိုချင်တယ်။ ကျွန်တော်တို့တာဝန်က သူ့ကို ကျောင်းထားပေးဖို့ပဲ မဟုတ်လား"

ထို့ကြောင့် အဖေက အနိုင်ရသွား၏။

မနက် ၉ နာရီထိုးတော့ မီးသွေးတိုက်ကို ရောက်ခဲ့ကြပြီ။ ဤသို့ဆိုလျှင် နောက်နာရီဝက်အတွင်း၌ ကျွန်တော်တို့လှေ ရွှေကြက်ယက်ကမ်းသို့ ရောက်ပေတော့မည်။ ထိုမှနေ၍ ကားတစ်စီးငှားကာ မန္တလေးသို့ သွားရန်ဖြစ်လေသည်။ မန္တလေးကို ၁၂ နာရီ၊ တစ်ချက်တွင် ရောက်လိမ့်မည်ဟု အဖေက ပြောပါသည်။

အမေကတော့ ညကချက်ယူလာသော ထမင်းဟင်းများကို ပြင်ဆင်၍ လှေပေါ်မှာတင် ကျွန်တော်တို့အား မနက်စာကျွေးပါသည်။

ကျွန်တော်ကတော့ မြန်မာပြည်၏ ဒုတိယမြို့တော် မန္တလေး ရွှေမြို့

mgyoe.com

mgyoe.com


တော်သို့ ပြောင်းရွှေ့နေထိုင်ရမည့်အရေး၊ သုံးနှစ်ကျော် ပစ်ထားခဲ့ရသော ကျောင်းဆရာများကို ပြန်ကြည့်ရမည့်အရေးကို စိတ်စောနေ၍ ထမင်းပင် ကောင်းကောင်း မစားနိုင်တော့ပါ။

❖

mgyoe.com

mgyoe.com

## ၂။ ရိုက်တား

အရှေ့ဘက်တွင် ကောင်မလေးလှလှတစ်ယောက်ရှိသည်က ပြဿနာ မဟုတ်၊ အနောက်ဘက်တွင် တိုက်ပျက်ကြီးရှိသည်ကသာ ကျွန်တော့် အဖို့ အရေးကြီးပါသည်။ သို့သော် ဤတိုက်ပျက်ကြီးနှင့် ဆက်စပ်ကာ ကျွန်တော် သည် အရှေ့ဘက်အိမ်က ကောင်မလေးရှေ့တွင် အရိုက်ခံရလိမ့်မည်ဟုတော့ ကျွန်တော် လုံးဝ မမျှော်လင့်ခဲ့ပါ။

ကျွန်တော်တို့ နေထိုင်သောအိမ်က မီးလောင်သမံတလင်းပေါ်တွင် ဆောက်ထားသော သုံးပင်နှစ်ခန်း တဲသာလျှင် ဖြစ်ပါ၏။ မီးလောင်သွပ်ကာ ပြီး မျှောတိုင်တစ်ဝက် ဝါးတစ်ဝက်ဖြင့် ဆောက်လုပ်ထားသော အိမ်ဖြစ်၏။ ဝါးကပ်ခပ်ကျဲကျဲမိုးထားရာ နှစ်မိုး သုံးမိုးထက် ပိုခံစရာ အကြောင်းမရှိပေ။ စစ်အတွင်း အပျက်အစီးကို ဖြတ်ကတတ်ဆန်း ပြန်လည် ထူထောင်ထား ခြင်း ဖြစ်၏။

မန္တလေးရောက်တော့ အဖေ့လက်ထဲတွင် ငွေသုံးရာသာ ရှိတော့ ကြောင်း ကျွန်တော်လည်း သိပါ၏။ ထိုငွေနှင့် အိမ်ပိုင်မြေပိုင်ရဖို့က ဘယ် နည်းနှင့်မှ မဖြစ်နိုင်ချေ။ အိမ်ငှားရသည်ကလည်း မလွယ်ကူလှ။ ကျွန်တော် တို့က အိမ်ရှာနေစဉ်အတွင်း ဤမိတ်ဆွေလင်မယားအိမ်တွင် ခေတ္တ နေထိုင် နေရခြင်းဖြစ်၏။

အရှေ့ဘက်အိမ်ကတော့ သုံးလေးထောင်ခန့် အကုန်အကျခံ၍

mgyoe.com

mgyoe.com


ဆောက်လုပ်ထားသော နှစ်ထပ်ပျဉ်ထောင်အိမ် ဖြစ်၏။ ခေတ်ပျက်သူဌေးဟု ရောက်စနေ့ကပင် ဦးလေးဆင်က အဖေ့ကိုပြောပါသည်။ အရင်က ဘာဘူ တန်းတွင် အရောင်းစာရေးဟု ကဲ့ရဲ့သလိုလိုမျိုးကို ဦးလေးဆင်မိန်းမ မထား စိန်က ဝင်ပြီးစွက်လိုက်ပါသေး၏။ သို့သော် သူတို့ လင်မယားနှစ်ယောက် စလုံးသည် ထိုအိမ်နှင့် အရောဝင်လိုကြောင်း ထိုညနေမှာပင် ကျွန်တော်က သတိထားမိပါ၏။ ခေတ်ပျက်သူဌေးမိသားစုသည် ဂျစ်ကားလေးနှင့် အပြင် သွားမည်ပြုကြစဉ် သူတို့လင်မယားက လှမ်း၍ ဘယ်သွားမလဲ မေး၏။ ဟိုက မမှာဘဲနှင့် စိတ်ချသွားဖို့ပြော၏။ အိမ်ကို ကြည့်ထားပါမည်ဟု လောကွတ်ချော်၏။

ထိုစဉ်ကတော့ ကားပေါ်တွင် လူတွေ ပြွတ်သိပ်နေ၍ ကောင်မလေး ကို ကျွန်တော် သတိမထားမိ။ နောက်တစ်နေ့မနက် ပြတင်းပေါက်တွင် မတ်တတ်ရပ်နေသည်ကိုတွေ့ရမှ မျက်လုံးပြူးပြူးဟု သတိထားမိပါ၏။

ကျွန်တော်က ဦးလေးဆင်တို့အိမ်တွင် တစ်ညအိပ်ပြီး နောက်တစ်နေ့ မနက်မှာပင် တိုက်ပျက်ကြီးပေါ်သို့ တက်ကြည့်ခဲ့၏။

"ငလျှင်လှုပ်ရင် အိမ်ရှေ့ပြေးကြနော်၊ ဒီတိုက်ကြီးက တဲတဲလေးရယ်"

အဖေက ရောက်ရောက်ချင်းပင် ကျွန်တော်တို့အတွက် ကြိုတင် ပူပန်ကာ မှာကြားထားခဲ့၏။ ထို့ကြောင့် ကျွန်တော်က ဤတိုက်ပျက်ကြီးကို ပို၍ စိတ်ဝင်စားခဲ့ခြင်း ဖြစ်လေသည်။

တိုက်အောက်ခံ ဖိနပ်ခုံက ခါးဝက်လောက်မြင့်၍ ကျွန်တော် လက်နှစ်ဖက်နှင့်ထောက်၍ မနည်းခုန်တက်ခဲ့ရသည်။ နှစ်ထပ်အိမ်ကြီး ဖြစ် လေသည်။ အမိုးလည်းမရှိ၊ အကာလည်း မရှိ။ မီးမလောင်နိုင်သော အုတ် အပြင် ပြတင်းနှင့်တံခါးတို့မှ ကျည်းခွေတချို့သာ တစ်ပိုင်းတစ်စ မီးလောင် ထားသော ကျွန်းသားအဖြစ် ကျန်ရှိခဲ့လေသည်။

တိုက်ပေါ်တွင် အုတ်ခဲကျိုးများ၊ အင်္ဂတေပဲ့များ တင်းကျမ်းနေ၏။ အသားများကို မီးလောင်ထား၍ တိုက်တွင်အပေါက်များ ပြည့်နှက်လျက် ရှိ၏။ ထိုအခေါင်းများတွင် ခိုများ ပြည့်လျက်ရှိလေသည်။

ခိုများ၏ လေးတွဲ့တွဲ့ အော်သံက နားငြီးဖွယ်ရာဖြစ်၏။ ခိုတွေက အသိုက်ကို ကရော်ကမည် လုပ်တတ်၍ သူတို့ဥများကို သူတို့ဘာသာ

mgyoe.com

mgyoe.com

တိုက်ချ၍ အောက်တွင် ကွဲနေကြသည်များမှာ မနည်းပါပေ။

ကျွန်တော် မြေငူက လုပ်ခဲ့သော ဘတ်ခွကို အသုံးချဖို့ရာ ဤခိုတွေက ရေကန်အသင့် ကြာအသင့် ဖန်ဆင်းပေးလိုက်ခြင်းပင်။ သို့သော် အိမ်မှ လူကြီးသုံးယောက်စလုံးကပင် ကြက်ငှက်များပစ်သည်ကို ပြင်းပြင်းထန်ထန် ဆုံးမတားမြစ်သည်ဖြစ်၍ ကျွန်တော်က အခွင့်ကောင်းကို စောင့်ရပေမည်။

ကျွန်တော့်လိုပင် အခွင့်ကောင်းစောင့်နေသော တခြားကောင်လေးတစ်ယောက်ကို ကျွန်တော်က ဤတိုက်ကြီးပေါ်တွင်ပင် သိကျွမ်းခဲ့ရလေသည်။ သူက တိုက်ကြီး၏ အနောက်ဘက်ရှိ တဲမှဖြစ်လေသည်။ သူတို့အိမ်က လက်သမားအလုပ်လုပ်၍ သူ၏ ကျွန်းသားခွက ကျွန်တော်၏ မန်ကျည်းသားခွထက် များစွာ ပိုလှလေသည်။ သို့သော် ကျွန်တော်က ကျွန်းသားက ပဲ့တတ်ပြီး မန်ကျည်းသားက ခိုင်ကြောင်း သူ့အား အနိုင်ယူပြောဆိုပါသည်။

သူ့နာမည်က ဂျပန်ဟုခေါ်လေသည်။ သူက ကျွန်တော့်ထက် အရပ်ပု၍ ဝလေသည်။ ဘောင်းဘီဖြူကလေးကို အမြဲတမ်းဝတ်လေ့ရှိသည်။ ကျွန်တော်ကတော့ ဘုတလင်လုံချည်ကိုသာ ဝတ်ပါ၏။ တောမှရလာသော ခါးပိုက်ထဲ လောက်စာလုံးထည့်သော အကျင့်ကို မဖျောက်သေးပေ။

"လာဟေ့...ဈေးမြောက်ဘက်မှာ ကျောက်ခဲတွေ ရှိတယ်၊ သွားကောက်ရအောင်"

သူက ဦးဆောင်၍ ကျွန်တော့်အား တစ်ခေါ်လောက်ဝေးသော ဦးတာရဲဈေး မြောက်ဘက်သို့ ခေါ်သွားပါ၏။ အပြန်တွင် ပုဏ္ဏားကုန်းထဲမှ လှည့်၍ စာကလေးများကို လမ်းတွင်ပင် ပစ်ခဲ့ကြ၏။ ဘယ်သူမှ တစ်ကောင်မှ မထိသော်လည်း သူသည် ကျွန်တော့်လောက် လက်မတည့်ဟု ကျွန်တော်က ယူဆထားလိုက်ပါ၏။

ကျွန်တော် အိမ်ပြန်ရောက်တော့ အမေကြီးက တုတ်ကောက်ခိုင်းပါသည်။ အဖေအိမ်မှာ မရှိသည့်အတွက် တော်သေးသည်ဟု ကျွန်တော်က သဘောရပါ၏။

"နင်တော့လား...လူကြီးတွေ စိတ်ပူအောင် သိပ်လုပ်တယ်၊ ဘယ်

mgyoe.com

mgyoe.com

လျှောက်အလေလိုက်နေတာလဲ။ မသွားတတ် မလာတတ်နဲ့ မျက်စိလည်သွားရင် ဘယ့်နှယ်လုပ်မလဲဟင်"

"အို...အမေကြီးကလည်း ဒီဈေးကလည်း နီးနီးလေးမို့ လျှောက်ကြည့်တဲ့ဥစ္စာ၊ ပြီးတော့ မျက်စိမလည်နိုင်ပါဘူး၊ အဖော်ပါပါတယ်"

"ဘယ်ကအဖော်လဲ"

ကျွန်တော်က ဂျပန့်အကြောင်း ပြောပြလိုက်၏။ ခါးပိုက်ထဲက ကျောက်ခဲတွေကို တွေ့သွားမည်ကို စိတ်ပူနေ၏။ သို့သော် အမေကြီးက သတိပြုမိဟန် မရှိချေ။ မည်သို့ပင်ဖြစ်စေ အပြစ်ကတော့ ကွင်းလုံးကျွတ်မလွတ်။

"နင် ဘာလို့ တို့လူကြီးတွေ ပြောမသွားတာလဲ"

ဝါးခြမ်းပြားနှင့် သုံးချက်ရိုက်ပါ၏။ အောက်ကဘောင်းဘီခံဝတ်ထား၍ မနာပါ။ ဟန်ဆောင်နာတယ်ဟုတော့ အော်လိုက်၏။ သို့မှလည်း ရိုက်ဆုံးမသူက ကျေနပ်ပေသည် မဟုတ်ပါလား။

"ဟော့ကောင် ငါပစ်မယ်ကွာ"

ညနေ ထမင်းစောစောစားပြီး ကျွန်တော်က ဂျပန်နှင့်ချိန်းထားသည့်အတိုင်း တိုက်ပေါ်တက်ခဲ့၏။ ခိုတွေက တစ်ချက်ပစ်လိုက်လျှင် လန့်ပြီးတစ်ပြုံလုံး ပျံသွားတတ်၏။ ပြီးတော့ တော်တော်နှင့် ပြန်မနားတတ်ပေ။

"ပြိုင်တူပစ်တာပေါ့ကွာ"

သူက ဖြစ်နိုင်သည့်နည်းကို ပြော၏။ ကျွန်တော်တို့ သဘောတူညီကြကာ ခိုတစ်ကောင်ကို ပြိုင်တူချိန်၍ ပစ်လိုက်ကြ၏။ အတောင်ပံသံများဆူညံသွားပြီး ခိုတွေက ပျံကုန်ကြ၏။ ကျွန်တော်တို့ ပစ်လိုက်သော ခိုကတော့ ထိမှန်သွားပြီး အရှေ့ဘက်သို့ ထိုးကျသွား၏။

"လိုက်ဟော့"

"ကျသွားပြီဟော့"

ကျွန်တော်တို့က တစ်ချိန်တည်း အော်လိုက်ကြ၏။ ဘယ်သူမှန်သလဲတော့ မပြောတတ်၊ သို့သော် မငြင်းအားသေး။ ခိုက ချက်ကောင်းကို မှန်သည် မဟုတ်ပေ။ ခေါင်းနှင့် လည်မျိုကိုသာ မှန်လျှင်လည်း ကျလာပေမည်။ ရင်အုပ်လောက် မှန်လျှင်ပင် ကျွန်တော်တို့လက်က သိပ်မပြင်း၍

mgyoe.com

mgyoe.com


တစ်ခါတည်း ကိစ္စချောမည် မဟုတ်ချေ။

အခု ခိုက အတောင်ကိုထိသွား၍ မပျံနိုင်ခြင်း ဖြစ်ပေမည်။ ခိုသည် အရှိန်နှင့်ထိုးကျသွားရာ အရှေ့ဘက် အိမ်ဝင်းထဲသို့ ရောက်သွား၏။ ကျွန်တော်တို့နှစ်ယောက်သည် ဘာကိုမှ စဉ်းစားမနေတော့ဘဲ ဝင်းထဲသို့ စွတ်ဝင်ပြေးသွားမိကြ၏။ ခိုက နောက်ဖေးဘက်သို့ ခုန်ဆွခုန်ဆွ ပြေးသွားသည်ကို ရိပ်ခနဲ တွေ့လိုက်သည်။

"ဟဲ့…ဟဲ့…ဘယ်ကကောင်လေးတွေလဲ"

အဖေက ကျွန်တော့်ညို့သကျည်းကို ထိုနေ့ညက ကြိမ်စာ ကြွေးလေ၏။ ဘတ်ခွကိုလည်း ဓားနှင့်ခုတ်ပစ်လိုက်၏။ မျက်ပြူးမကလေးက ကျွန်တော့်အား ရိုက်သည်ကို ပြတင်းပေါက်မှ အစအဆုံး ကြည့်နေသဖြင့် ညို့သကျည်း နာသည်ထက် အခံရခက်မိပါ၏။

ကျွန်တော်က ထိုနေ့ကစ၍ ထိုကောင်မလေးနှင့် မျက်နှာချင်း မဆိုင်တော့။ အိမ်နီးချင်းများဖြစ်၍ မတော်တဆ မြင်တွေ့ကြရသည်များတော့ ရှိပါသည်။

ဘတ်ခွ မပစ်ကြရသောအခါ ကျွန်တော်တို့သည် အခြားလုပ်ငန်း တစ်ခုကို ရှာကြရပြန်သည်။ ကျွန်တော်က ဂျပန်အား ပေသီးပစ်နည်း သင်ပေးပါသည်။ 'ဆယ်ကျင်း' ကစားနည်း၊ ထွာထောက်ပစ်နည်း၊ ဒူးထောက်ပစ်နည်းနှင့် လက်လွတ်ပစ်နည်းတို့ကို ကျွန်တော်က သင်ပေးပါသည်။ စီးကရက်ဘူးခွံများ ခေါင်ဖယ်ပစ်ပါသည်။

"လူလေး…မင်းလည်း တစ်နေ့လုံးလည်း ဆော့နေတာပဲ"

အဖေကဆူပါသည်။ အဖေက ကျွန်တော် ကစားနေသည်ကို လုံးဝ သဘောမကျပါ။

"ဘာအလုပ်ရှိလို့လဲ၊ အလုပ်ရှိလို့ဆော့နေရင် ပြောပေါ့"

ကျွန်တော်က နိုင်ပေါက်ကိုပြောပါသည်။ အဖေက ဖြုန်းခနဲတော့ မျက်နှာညိုးသွားပုံရပါသည်။

"ကစားတာက စိတ်လေတယ်"

ကျွန်တော်က ဘာမှပြန်မပြောပါ၊ တစ်ခါတလေကျတော့ အဖေက ကျွန်တော့်အား ပရိုင်မာအင်္ဂလိပ်ဖတ်စာအုပ်ကို ဖတ်နေဖို့ ပြောပါသည်။

mgyoe.com

mgyoe.com


"အို…အဖေကလည်း ကျွန်တော်ရပြီးသား ဥစ္စာ"

"ရပြီးသားပေမဲ့ ကျေတာပေါ့"

"ကျေလို့မှ ညက်နေပြီ"

ဟုတ်သည်။ ကျွန်တော်က ဒဂုန်အင်္ဂလိပ်စာ ပရိုင်မာ ပထမအုပ်ကို ဂျပန်ခေတ်တစ်ခေတ်လုံးတွင် ငါးခေါက်ထက် မနည်းပြန်ပြီးခဲ့၍ ဒိုးခနဲ ဒေါက်ခနဲ ဖြစ်ပေပြီ။ ဒုတိယအုပ်ကတော့ ဝယ်၍ ငှား၍မရသဖြင့် ဆက်မတက်ရပေ။

ကျွန်တော်က ရပြီးသား၊ တတ်ပြီးသား၊ ဖတ်ပြီးသားကို ထပ်မံလေ့လာရမှာလောက် ငြီးငွေ့သည် မရှိတော့ပေ။ ထိုအချိန်ကစ၍ ကျွန်တော် ကျောင်းမကက်မချင်းအထိ အဖေက ကစားသည်ကို မပြောတော့ပေ။ အမေနှင့် ကသာ တောက်တိုမည်ရ ခိုင်းချင်ခိုင်း၊ ကျွန်တော်ကစားနေသည်နှင့် ကြုံကြုံကျမှသာ ဆူတတ်ပါသည်။ သူတို့ကိုတော့ ကျွန်တော်က သိပ်မကြောက်ပါ။

မန္တလေးသိ ခဲ့သည်မှာ အရက်နှစ်ဆယ်ပင် ကျော်ခဲ့ပေပြီ။ ဖွင့်လဆန်းခဲ့ပေပြီ။ းတွေ အားလုံးလည်း ဖွင့်ကုန်ကြပေပြီ။

သို့သော် ကျွန်တော်က ကျောင်းမနေရသေးပေ။

ကျွန်တော်က ကစားနေပြီး လူကြီးသုံးယောက်က အမြဲတမ်း ခေါင်းချင်းရိုက်လျက် ရှိပါသည်။ သို့သော် အခြေအနေအရပ်ရပ်ကို ကျွန်တော် သိပါသည်။

မန္တလေးမြို့သို့ ပြောင်းလာခြင်းက ကျွန်တော့်အား ကျောင်းထားရန်ဟူသော အဓိကရည်ရွယ်ချက်ကြောင့်ဖြစ်ပေမဲ့ အိမ်ပြဿနာ၊ လုပ်ငန်းကိုင်ငန်း ပြဿနာတို့ကြောင့်၊ ကျွန်တော်က ပေသီးပစ်ကစားလျက်သာ ရှိနေပါသေးသည်။

ဦးလေးဆင်တို့ လင်မယားကလည်း ရောက်စက လော ၂ူမှာ ရှိသော်လည်း ရက်တော်တော် ညောင်းလာပြီး ကျွန်တော်တို့ အဝ ရေးကို မြင်လာတော့ ပထမ မထားစိန်က ဆောင့်အောင့်လုပ်လာ၏။ အရပ်ထဲ အတင်းလျှောက်ပြော၏။ နောက် ဦးလေးဆင်ပါ ပါလာတော့၏။

မထားစိန်ကိုတော့ ကျွန် သိပ်အပြစ်မပြောလိုပါ။ အသိ

mgyoe.com

mgyoe.com


အမြင်နည်းပါးသေးသော မိန်းမသားတစ်ဦးလည်း ဖြစ်၏။ အသက်အရွယ်လည်း ငယ်သေး၏။

"ကိုဆင်၊ ခင်ဗျားမိန်းမက ဂျပန့်အိမ်သွားပြီး မနှင်းအကြောင်းတွေ ပြောနေတယ်ဗျာ"

မနှင်းဆိုသည်က အမေ့နာမည် ဖြစ်၏။

"ခက်တာပဲ၊ ဒီမိန်းမက ကျေးဇူးရှင်မှန်း ဘာမှန်း မသိတတ်ဘူး"

ထိုညတွင် သူတို့လင်မယား တတွတ်တွတ် ပြောနေသည်မှာ မိုးလင်းခါနီးထိ ဖြစ်၏။ ကျွန်တော် တစ်ရေးနိုးတော့ မထားစိန် တရှုပ်ရှုပ် ငိုနေသံကြားရပါ၏။

ဦးလေးဆင်က မထားစိန်နှင့် မရခင်တုန်းက အထက်မိုးကောင်းကျောက်စိမ်းတွင်းသို့တက်၍ ကျောက်တူးခဲ့ဖူး၏။ သို့သော် ထောင်ကျောက်ပင် မအောင်ခဲ့ပေ။ နောက်ဆုံး ငှက်ဖျားမိကာ သေလုမြောပါးအခြေအနေနှင့် မြစ်ကြီးနားသို့ အလုပ်သမားတချို့နှင့် ပါလာခဲ့၏။ ဤတွင် အိမ်က သူ့အားဆေးဝါးကုခဲ့သည်။ အမေက မောင်ကြီးတစ်ယောက်ပမာ ကိုယ်ဖိရင်ဖိ ပြုစုခဲ့သည်။ ပျောက်တော့လည်း တစ်လကိုးသီးတင်း ကျွေးမွေးထားပြီး မန္တလေးပြန်ချင်သည်ဆိုတော့ စရိတ်ပါထုတ်ပေးလိုက်ရသေးသည်။

မန္တလေးရောက်ခါစကတော့ သူတို့အိမ်တွင် တစ်သက်လုံးမနေတာ စိတ်ပင်ဆိုးတော့မည်သဘော ဖြစ်၏။ သို့သော် သူတို့သည် ကျွန်တော်တို့၏ ပျက်ပြားမှုကိုသိပြီး မြစ်ကြီးနားတုန်းက အဆင့်မျိုးမဟုတ်မှန်းသိတော့ သူတို့ကလည်း တစ်သက်လုံး ကျွေးမွေးထားရမလို ထိတ်လန့်သွားတော့၏။

မြစ်ကြီးနားတုန်းကတော့ ကျွန်တော်တို့က အတော်အသင့် ပစ္စည်းရှိလေသူများ ဖြစ်၏။ မော်တော်ဝပ်ရှော့တစ်ခု ပိုင်ဆိုင်၏။ သို့သော် စစ်ဖြစ်လာတော့ အလုပ်တွေက ရပ်ဆိုင်းကုန်သည်။ နောက်ဆုံး စစ်ကိုင်းမြို့သို့ ပြောင်းလာတော့ မြစ်ကြီးနားတွင် အိမ်ထောင်ပရိဘောဂ အပြည့်အစုံနှင့် အိမ်ကြီးအားလည်းကောင်း၊ လှည်းဆယ်စီးတိုက်ခန့်သော စက်ဘီးကိရိယာများကိုလည်းကောင်း ပြာပုံ၊ အမှိုက်ပုံအဖြစ် ထားပစ်ခဲ့ရလေသည်။

သို့သော် စစ်တွင်း သုံးနှစ်ကာလပတ်လုံး ဘာအလုပ်မျှမလုပ်ဘဲ ရှိသည့်ပစ္စည်းကို ထိုင်စားခဲ့ရာ ငွေသား ပြောင်တလင်းခါသလောက် ရှိခဲ့၏။

mgyoe.com

mgyoe.com


ဂျပန်ခေတ်တွင် အဖေ ရန်ကုန်သွား၍ ငါးခြောက်တစ်တွဲတင်ရာ ဖြူး၌ ဗုံးစာမိသွားလေသည်။ စစ်ပြီး မြေငူတွင်နေစဉ် စစ်ကိုင်းမှ ဆန်ယူ၍ရောင်းရာ ကျရှုံးမိ၍ ငွေနှစ်ထောင်လောက် ပျောက်ခဲ့၏။ နှစ်ခါလွှန့်ကြည့်ရာ နှစ်ခါလုံး မြုပ်ခဲ့၏။ ထို့ကြောင့် တတိယအချီ လွှန့်ကြည့်ဖို့ရာ အတော် ခဲယဉ်းနေခြင်း ဖြစ်၏။

မန္တလေးသို့ရောက်တော့ ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော ရွှေထည်များမှလွဲလျှင် လက်ထဲတွင် ငွေသုံးရာကျော်လေးသာရှိကြောင်းကို သူတို့လင်မယား သိသွားသည့်နေ့ကစ၍ ငြူစူခြင်း ဖြစ်ပါတော့၏။

သို့သော် အမေ့သေတ္တာထဲတွင် ထဘီ အထည်သုံးလေးဆယ် လောက် ရှိသေး၏။ ဒါကို မထားစိန် မနာလို၊ ထို့ကြောင့် အရပ်ထဲမှာ တောင်တောင်မြောက်မြောက် လျှောက်ပြော၏။

အစပိုင်းတော့ ဦးလေးဆင်က အဖေ့ကို တောင်းပန်သေး၏။ သူ့ မယားကို မြည်တွန်တောက်တီးသေး၏။

သို့သော် တစ်လနားကပ်လာသည့်တိုင် အဖေမှာ ဘာအလုပ်မှလည်း မရှိသေး၊ ရှိသည့်ငွေကလည်း ကုန်ခါနီးလာပြီဖြစ်ပြီး မယား၏ အလေးချိန် ကလည်း ပိုစီးလာ၍ သူ့မယားအား ကာကွယ်လာတော့၏။ တစ်နေ့ကျတော့ အရပ်ထဲမှာ မင်္ဂလာဆောင်တစ်ခုရှိ၏။ မထားစိန်က အမေ့ ဇင်းမယ်လုံချည် အစိမ်းကို ငှားဝတ်၏။ ဆီတွေ စွန်းထင်းလာ၏။ အမေက နှမြောရှာလွန်း၍ ငိုရှာသည်။ အမေက သူ၏ပစ္စည်းကို အင်မတန် နှမြောတတ်သည်။ ပြီးတော့ သူများတကာနှင့် ရောရောယှက်ယှက် မဝတ်တတ်ပေ။ ခုတော့ အိမ်ရှင်ဖြစ်၍ အားနာလွန်းသဖြင့် ငှားလိုက်ရခြင်း ဖြစ်၏။ ဒါကို တစ်ဖက်က လေးလေး စားစားမရှိဘဲ အမေငိုသည်ကိုပင် လင့်အား သွားတိုင်လေ၏။

"ကိုဘဝင်း၊ ခင်ဗျားမယားဟာ လွန်လွန်းတယ်။ မတော်တဆ ဆီလေး တစ်စက်စွန်းသွားတာကို ဒီလိုပဲငိုရသလား၊ တကယ်ဆို မထားစိန်ကို လုံချည် တစ်ထည်လုံး အပိုင်ပေးလိုက်တောင် အိမ်လခဖိုးလောက်ရှိပါတယ်"

နောက်နှစ်ရက်ကြာတော့ ကျွန်တော်တို့သည် ဦးတာရဲဈေး အနောက် ဘက်ရှိ တစ်လ အစိတ်ဆိုသော အိမ်ကလေးသို့ ပြောင်းခဲ့ကြ၏။ ပြောင်းပြီး သုံးရက်လောက်အကြာတွင် အဖေလည်း ဈေးချိုမှ နာရီဆိုင်တစ်ခုတွင်

mgyoe.com

mgyoe.com


တစ်နေ့လေးကျပ်နှင့် လခစား ဝင်လုပ်လေတော့၏။

အဖေက အရောင်းအဝယ် လုပ်ရအောင်လည်း အရင်းအနှီးမရှိ၊ ကိုယ်ပိုင်ဆိုင် ထောင်ရအောင်လည်း ပစ္စည်းကိရိယာမရှိ၊ ထို့ကြောင့် သူများဆိုင်တွင် အောက်ကျခံ၍ အလုပ်ဝင်လုပ်ရခြင်း ဖြစ်လေသည်။ အဖေက တစ်သက်လုံး ဆရာလုပ်ခဲ့သူဖြစ်၏။ ဆိုင်တွင် တပည့်ဆယ်ယောက်၊ ဆယ့်ငါးယောက်ထိ ထားခဲ့သူဖြစ်၏။ သို့သော် စစ်က အခြေအနေများကို ပြောင်းလဲပေးလိုက်၏။

ဤသို့ အိမ်ပြောင်းလိုက်ခြင်းက ကျွန်တော် လွယ်အိတ်လွယ်ရဖို့ ဖန်တီးလိုက်ခြင်း ဖြစ်ပါ၏။

အိမ်ပြောင်းဖို့နှင့် ကျွန်တော် ကျောင်းနေဖို့အတွက်ဟုဆိုကာ အမေ၏ ကျောက်ဖြူလက်ကောက်တစ်ရန်ကို ရောင်းပစ်လိုက်ကြလေသည်။ ထို့ကြောင့် ကျွန်တော်က ကျောင်းနေရပေတော့မည်၊ တကယ်နေရပေတော့မည်။

သို့သော် ဘယ်ကျောင်းတွင် ဘယ်အတန်း၌ နေရမည်လဲဟူသော ပြဿနာက ပေါ်ပေါက်လာလေသည်။

အဖေ ဈေးချိုတွင် အလုပ်ဝင်ပြီးနောက် စတုတ္ထမြောက်နေ့ ညနေငါးနာရီလောက်တွင် အလုပ်မှအိမ်သို့ ပြန်ရောက်လာ၏။ ကျွန်တော်က ဝင်းဝမှ သွား၍ကြိုရာ အဖေက တိုက်ပုံအင်္ကျီအိတ်ထဲမှ ချောကလက်ပြားတစ်ပြား ထုတ်၍ပေးလေသည်။

"ငါ့သား မနက်ဖြန် ကျောင်းသွားရမယ်"

ကျွန်တော်က ဘာကြောင့်မှန်းတော့ အသေအချာ မမှတ်မိတော့၊ ဘာစကားမှ ပြန်မပြောခဲ့။ အိမ်ထဲရောက်တော့ အဖေက ကြမ်းဆင့်ပေါ်တွင် တင်ပါးလွှဲထိုင်လိုက်ပြီး ကျွန်တော့်အားလည်း နံဘေးတွင်ထိုင်ဖို့ ပြောပါသည်။ အမေကြီးက နည်းနည်းနေမကောင်း၍ အိပ်နေသည်။ အမေက မီးဖိုထဲမှာ ထမင်းဟင်းချက်ပြုတ်၍ ပန်းကန်အိုးခွက် ဆေးကြောနေသည်။

"ဘယ်ကျောင်းလဲ"

ကျွန်တော်က အခုမှမေး၏။

"မနက်ကျတော့ အဖေနဲ့ဈေးလိုက်ခဲ့။ ဟိုကျတော့ မောင်ဌေးမောင်

mgyoe.com

mgyoe.com

လိုက်ပို့လိမ့်မယ်"

"ဘယ်သူလဲ မောင်ဌေးမောင်ဆိုတာ..."

"အဖေတို့ဆိုင်နံဘေးက စာအုပ်ဆိုင်က..."

"ဘယ်ကျောင်းလဲ"

ကျွန်တော်က အစပြန်ကောက်၏။

"စိန်ပီတာက လူပြည့်သွားပြီတဲ့၊ အခုဟာက ဗုဒ္ဓဘာသာကျောင်းတဲ့။ အင်္ဂလိပ်လိုတော့ ဘီတီအင်လို့ ခေါ်တာပေါ့၊ ကောင်းပါတယ်။ ပြီးတော့ သူက ဒီလဆန်းကမှဖွင့်တာ၊ လူလေး စာသိပ်နောက်မကျဘူးပေါ့"

ကျွန်တော်က လက်ထဲမှ ချောကလက်ကို စိုက်ကြည့်နေမိ၏။ စောစောကတော့ အဖေက ကျွန်တော့်အား စိန်ပီတာလိုကျောင်းမျိုးတွင် ထားမည်ဟု ဆို၏။ အင်္ဂလိပ်စာတော်အောင်ဟု ဆိုလေသည်။ သို့သော် ကျွန်တော်က ဘယ်ကျောင်းမှာနေရနေရ စာလောက်အရေးမကြီး၊ ဘယ်နှတန်း နေရမည်ကိုသာ ရင်ထဲမှာ ဖိုနေမိသည်။

"အဖေ့ကို ရေတစ်ခွက်ခပ်ပေးစမ်း"

ကျွန်တော်ခပ်လာသော ရေကို အဖေကမသောက်သေးဘဲ ငွေဖလားကို တစ်ပတ်လှည့်ကြည့်ရင်း...

"မနှင်း ဖလားကို မတိုက်ဘူး၊ ချောကျိနေတာပဲ"

အဖေ ရေကို ချက်ချင်းမသောက်သေးကတည်းက ဤသို့ပြောလိမ့်မည်ကို ကျွန်တော်က သိပါ၏။ အဖေက အင်မတန် စေ့စပ်သည်၊ အသန့်အရှင်း ကြိုက်သည်၊ စိတ်ထဲမတွေ့သည်ကို ထုတ်ပြောတတ်၏။ ပြီးတော့ အပြစ်နှင့် ချို့ယွင်းချက်တို့ကို တော်တော်နှင့် မေ့ပစ်တတ်သူ မဟုတ်ပေ။ အဖေက စကားများများ ပြောတတ်သူတစ်ဦးဖြစ်၍ ထပ်တလဲလဲ ဆိုဆုံးမတတ်သည်များကို အမေက ဖျစ်တောက် ဖျစ်တောက်နိုင်သည်ဟု ပြော၏။ သို့သော် အဖေသည် ကျွန်တော်တို့အားလုံးကို ချစ်သည်။ နေရာတကာတွင် ညှာတာလေသည်။

"ပြီးတော့ ကျွန်တော် တိုက်ထားလိုက်ပါ့မယ်"

အဖေက ရေကို တစ်ဆက်တည်း အကုန်သောက်ချလိုက်၏။

"မင်း ကျောင်းတက်လို့ရှိရင် အိမ်ကအလုပ် ဘာမှ လုပ်ဖို့မလိုပါဘူး၊

mgyoe.com

mgyoe.com


မင်းတာဝန်က စာကြိုးစားဖို့ပဲ"

အမေတို့က ဒါကိုတော့ အကြွင်းမဲ့ ထောက်ခံကြမည်မဟုတ်၊ ကျွန်တော်ကလည်း ကိုယ်တတ်နိုင်တာတော့ ကူမလုပ်ဘဲ မနေနိုင်ပါ။

"ငါ မောင်ဒွေးမောင်လည်း ပြောထားတယ်၊ မင်းလည်း ဆရာကြီးကို ပြောပြပါ၊ ကျွန်တော့်ကို ငါးတန်းမှာထားပါလို့၊ ကျွန်တော် စစ်မဖြစ်ခင်က လေးတန်းအောင်ပါတယ်လို့ စာကြိုးစားပြီး စာကို မီအောင်လိုက်ပါ့မယ်လို့ ပြောပေါ့"

စစ်မဖြစ်ခင်က လေးတန်းမဟုတ်ပါ၊ သုံးတန်းသာ ဖြစ်ပါ၏၊ ဒါတောင် စာမေးပွဲ မဖြေလိုက်ရပါ။ တကယ်တော့ ကျွန်တော်က သုံးတန်းတွင် ဒုတိယနှစ်ဝက်ဖြစ်သော ခြောက်လအနက် လေးလသာ သင်ကြားခဲ့ရခြင်း ဖြစ်၏။

ကျွန်တော့်ကို ပထမတစ်ခါ ကျောင်းသွားအပ်တော့ ငါးနှစ်သားသာရှိသေး၍ အသက်မပြည့်ဆိုပြီး ကျောင်းကလက်မခံပါ။ ထို့ကြောင့် အဖေက အိမ်မှာသင်ပေး၏။ မြန်မာစာဆိုလျှင် မင်္ဂလသုတ်ထိရောက်၏။ အင်္ဂလိပ်စာ အေဘီစီ လေးမျိုးစလုံးရ၏။ အလီပေါင်း ၁၂ အထိရ၏။ ထို့ကြောင့် ကျွန်တော်သည် ခြောက်နှစ်သား သူငယ်တန်းတွင်နေတော့ ပထမရခြင်းမှာ မဆန်းပါပေ။ ခြောက်လနှင့် ပထမတန်းသို့ တက်ရခြင်းမှာ သိပ်အံ့ဩစရာမရှိပါ။ သို့နှင့် တစ်နှစ် နှစ်တန်းရပြီး နောက်ကျတော့ ဒုတိယတန်းသို့ ရောက်ပါ၏။ ဒုတိယတန်းတွင်လည်း အဖေ၏ ကြပ်မတ်မှု၊ ကျွန်တော်၏ ကြိုးစားမှု၊ ဉာဏ်ထက်မှုတို့ကြောင့် ခြောက်လနှင့် တတိယတန်းသို့ တက်ခဲ့ရပြန်သည်။ သို့ဖြင့် ကျွန်တော်က ၁၀ တန်းရောက်သည် ခြောက်လတစ်တန်း တက်ရသည့် အစဉ်အလာ ရခဲ့ပါသည်။

ထမင်းစားပြီးညတွင် တစ်ခါ ကျွန်တော်တို့ ကျောင်းအကြောင်း စကားဆက်ကြပြန်သည်။ အမေနှင့်ကျွန်တော်က ခပ်လှမ်းလှမ်းမှာထိုင်၏။ အကြောင်းမှာ အဖေက ဆေးတံဖွာနေ၍ ကျွန်တော်က မွှန်၍ဖြစ်လေသည်။

"ငါးတန်းတောင်းလို့ ရပါ့မလား"

"ဘာလို့ မရ ရမလဲ၊ ငါ့သား ဂဏန်းကောင်းကောင်းလိုက်နိုင်တာပဲ"

"ဂဏန်းကတော့ ၇ တန်း ဂဏန်းလည်း တွက်နိုင်ပါတယ်"

mgyoe.com

mgyoe.com


ကျွန်တော်က ယုံကြည်စိတ်ချစွာ ပြောလိုက်၏။ ကျွန်တော် မြေငူတွင်ရှိစဉ် မြန်မာကျောင်းဆရာကြီး ဦးဘိုထံတွင် ဂဏန်းသင်ခဲ့ရာ အပိုင်း၊ ဒသမ၊ ရာလ္လီ၊ သုံးချက်၊ သစ်တွက်၊ ရွှေတွက် စသည်တို့ သင်ရိုးကြွယ်ခဲ့ပါ၏။

"ဒီပြင် မြန်မာစာတို့၊ ပထဝီတို့၊ ရာဇဝင်တို့ရော ဘာခက်သလဲ၊ မြန်မာစာပဲကွ၊ ဖတ်ရင် နားလည်တာပဲ၊ ကျက်ရင်ရတာပဲ"

"ဟုတ်ပါတယ်...ကျွန်တော်လည်း ဒါတွေ မကြောက်ပါဘူး၊ အင်္ဂလိပ်စာပဲ ပြောနေတာပါပဲ"

"အင်္ဂလိပ်စာကော ဘာပြုလဲကွ၊ မသကာ သူများထက် နှစ်ဆ သုံးဆ ပိုကျက်ရရုံပေါ့၊ အိမ်မှာ ဒစ်ရှင်နယ်ရီရှိသားပဲ၊ မသိတဲ့မီးနင်းတွေ ထုတ်ကျက်ပေါ့၊ မင်းနှယ် သတ္တိနည်းလိုက်တာ၊ ငါကျက်ပြချင်စမ်းလှတယ်"

"မဟုတ်ပါဘူး...၊ ပြောပြတာပါ"

ကျွန်တော်က လျှော့ချလိုက်၏။ အဖေက သူမတတ်ခဲ့သည်များကို သားအား တတ်စေချင်၏။ သူက ငယ်ငယ်လေးကတည်းက ကျောင်းမှ ထွက်၍ အရောင်းအဝယ်လုပ်ခဲ့ရ၍ ပညာကို လုံလောက်အောင် မသင်ခဲ့ရပေ။ ကျွန်တော့်ကျတော့ သူ့လိုမဖြစ်စေချင်၊ ထို့ကြောင့် နောက်မှ အတင်းရိုက်မောင်းနေခြင်း ဖြစ်၏။

"ငါးတန်းမရလို့ မဖြစ်ဘူးကွာ၊ ငါးတန်းဆိုတာတောင် ရှုံးသေးတယ်၊ စစ်သာမဖြစ်ရင် မင်း တစ်နှစ်တစ်ဘန်းဆိုတောင် ခြောက်တန်းအောင် ပြီးလို့ ၇ တန်းရောက်နေပြီ၊ စစ်ဖြစ်လိုက်တာ မင်းတို့ပညာရေး သိပ်ထိခိုက်နစ်နာတာပဲ..."

အဖေက စစ်တွင်းသုံးနှစ်ကို အတော်နှမြောနေဟန် ရှိ၏။ အဖေက ကျွန်တော်နှင့်ပတ်သက်၍ အားခဲထားချက်တွေ အတော်ကြီးမား၏။ ကျွန်တော့်အား ဘီအက်စ်စီ အင်ဂျင်နီယာတန်းအောင်အောင် သင်ခိုင်းပြီး အင်ဂျင်နီယာတစ်ယောက် ဖြစ်စေမည်ဟု ရည်မှန်းထားချက်ရှိ၏။

ကျွန်တော်က စစ်တွင်းသုံးနှစ်ကာလကို ပထမနှစ် မြစ်ကြီးနား၌ ဂျပန်ကျောင်းတက်ခြင်း၊ ဒုတိယနှစ် စစ်ကိုင်း၌ ဂျပန်စကားပြန်လုပ်ခြင်း၊ တတိယနှစ် မြေငူရွာ၌ တောသားလုပ်ခြင်းတို့ဖြင့် ပညာ သုံးဆင့်၊ လေးဆင့်

mgyoe.com

mgyoe.com


စာ ဆုံးရှုံးခဲ့ရပါသည်။

အဖေက စစ်ကြောင့် ပစ္စည်းပျက်ပြားခဲ့ရခြင်း၊ ဖခင်သေဆုံးရခြင်း၊ အခြေအနေမဲ့ လွင့်ပါးခဲ့ရခြင်းတို့ထက် ကျွန်တော် ပညာသင် ပျက်ခဲ့ရခြင်းကို ပို၍ စိတ်ထိခိုက်ကြောင်း ကျွန်တော်သိပါ၏။ ထို့ကြောင့် ကျွန်တော်က လည်း အတတ်နိုင်ဆုံး ကြိုးစားမည်ဟု စိတ်ပိုင်းဖြတ်ထားခြင်း ဖြစ်ပါ၏။

"ကဲ...ကဲ...သွားအိပ်တော့၊ မနက်ကျ စောစောထ"

အဖေမပြောလည်း ကျွန်တော်က ထမည်ဖြစ်ပါ၏။ ကျွန်တော်က အိပ်ရာထတွင် သွားစရာတစ်ခု၊ လုပ်စရာတစ်ခုခုရှိလျှင် ညအိပ်၍ မဖြောင့် တော့ပါ။ ကျွန်တော် ထနေကျအချိန်က မနက်ခြောက်နာရီဖြစ်သော်လည်း ထိုနေ့ကမူ မနက် ငါးနာရီက နိုးနေသည်မှာ ပြန်အိပ်၍ မရတော့ပါ။ မနက် ရှစ်နာရီတွင် အိမ်မှထွက်ခဲ့ကြပါသည်။ အိမ်နှင့်ဈေးချို မိနစ်နှစ်ဆယ် လျှောက် ရပါသည်။ အဖေက မနက်တိုင်း ဤသို့ပဲ လျှောက်သွား၏။ ၁၁ နာရီ၊ ၁၂ နာရီကျမှ ဆိုင်ရှင်၏ စက်ဘီးကိုယူ၍ မနက်စာ ပြန်စားပါသည်။ ညနေလည်း ၅ နာရီလောက်မှ ခြေကျင်လျှောက်ပြန်ခဲ့ပါ၏။

ကျွန်တော်တို့ ဆိုင်ရောက်ရောက်ချင်းပင် ကိုဌေးမောင်ဆိုသူအား တွေ့ရပါသည်။ ဆံပင်ကောက်နေသည်ကို ကျွန်တော့်မျက်စိထဲတွင် ကြည့် မရပါ။ လူကဝသည်၊ ရွှေသွားတစ်ချောင်းရှိသည်။ စကားပြော နည်းနည်း မြန်၏။ မျက်နှာထားတင်းသလို ရှိသော်လည်း စကားပြောချိုသာ၏။ သဘောကောင်းပြီး စိတ်ရှည်သူတစ်ယောက်ဖြစ်ကြောင်း ကျွန်တော် ခဏ လေးအတွင်းမှာပင် သဘောပိုက်မိပါ၏။

ကျွန်တော့်အား သူ့စက်ဘီးပေါ်တင်ကာ ၈၄ လမ်းအတိုင်း တောင် ဘက်သို့ နင်းသွားပါ၏။ ကျောင်းက ညောင်စင်တန်းတွင် တည်ရှိလေသည်။ ကျွန်တော်တို့ရောက်တော့ ကျောင်းတက်နေလေပြီ။

စစ်မဖြစ်ခင်ကဆိုလျှင် ဘီတီအင်ကျောင်းသည် ယခု နေသူရိန် ရုပ်ရှင်ရုံနေရာတွင် ယောကျ်ားလေးကျောင်းရှိပြီး တရုတ်တန်းတွင် မိန်း ကလေးကျောင်း ရှိလေသည်။ သို့သော် ဤနှစ်ကျောင်းစလုံးသည် မီးလောင် ခံခဲ့ရလေသည်။ မိန်းကလေးကျောင်းကတော့ ပြာပုံဘဝတွင်ရှိပြီး ယောကျ်ား လေးကျောင်းနေရာတွင်တော့ ရုပ်ရှင်ရုံအဖြစ် တဲကြီးတစ်လုံး ရှိလေသည်။
mgyoe.com

mgyoe.com


ယခု ညောင်စင်တန်းရှိ အဆောက်အဦကား ယာယီအဖြစ် ငှားရမ်းထားသော တစ်ထပ်တိုက်အိုကြီး ဖြစ်၏။ အပြင်မှကြည့်လျှင် တိုက်ပျက်ကြီးဟု ထင်ရ၏။ ကျောင်းပိတ်ရက်ဆိုလျှင် ဥစ္စာစောင့်ပုံပြင်တွေ ထွက်နိုင်အောင် ပင် ဟောင်းမြင်းခြောက်ကပ်လေသည်။

ကျွန်တော်တို့ ကျောင်းထဲဝင်သွားတော့ တစ်ကျောင်းလုံးက ကျွန်တော်တို့အား လှည့်ကြည့်ကြ၏။ တစ်ကျောင်းလုံးဆို၍ အများကြီး မဟုတ်ပါ။ ဆရာငါးယောက်ပြသော အတန်းငါးတန်းသည် အကာအရံ အခန်းခွဲမရှိသော ဧည့်တိုက်ခန်းကြီးထဲတွင် ကျောကပ်၊ ဘေးကပ် တည်ရှိနေခြင်း ဖြစ်၏။ ကျောင်းနောက်က အဖီထဲတွင် ကလေးငယ်အတန်း တစ်တန်းရှိ၏။ နောက်မှ သိရသည်မှာ ကျွန်တော်ပါနှင့်မှ တစ်ကျောင်းလုံး ကျောင်းသားကြီးငယ် ၆၈ ယောက်သာ ရှိပါ၏။

အနောက်ဘက်ထောင့်ရှိ တစ်ခုတည်းသော ရုံးစားပွဲတွင် ကျွန်တော်တို့အား ထိုင်ရန် ကျောင်းစာရေးက နေရာချထား၏။ နောက် ခဏကြာလျှင် ကျောင်းသားကြီးတွေကို ပြနေသော ဆရာက ကျွန်တော်တို့ဆီသို့ လာ၏။ ဆရာကြီးပဲ ဖြစ်လေသည်။

"သြော်...မောင်ဒွေးမောင်လား"

"ဟုတ်ကဲ့ဆရာ၊ သူ့ကို ကျောင်းအပ်မလို့..."

ကျွန်တော်တို့က ရိုသေသမှုပြုသောအားဖြင့် ထလိုက်ကြ၏။

"ထိုင်...ထိုင်"

ဆရာကြီးက ကျွန်တော်တို့အား လက်နှစ်ဖက်ဖြင့်ပြရင်းက ပါးစပ်အားဖြင့်ရော ထိုင်ခွင့်ပေးပါသည်။ ဆရာကြီးက ကျွန်တော့်အား ရှေကိုင်းမျက်မှန်ကိုဖြုတ်လျက် စူးစိုက်ကြည့်လိုက်၏။

ကျွန်တော့်ရင်တွေက တထိတ်ထိတ်ခုန်နေ၏။

"ဘယ်သူ့သားလဲ"

"ကျွန်တော်တို့ဆိုင်နားကပါ"

ဆရာကြီးက ကျွန်တော့်အား ထပ်ကြည့်လိုက်ပြန်၏။ နဂိုကတည်းကပင် ဆရာကြီးဆိုလျှင် ကြောက်စရာဟု အစွဲရှိထားသော ကျွန်တော်က ထ၍ပင် ပြေးချင်လေသည်။ ဆရာကြီးက အသက် ၄၀ လောက်ပဲ ရှိဦးမည်

mgyoe.com

mgyoe.com


ဟု ကျွန်တော်ထင်၏။ အရပ်ပု၏။ ပုဆိုးကို ခါးပတ်နှင့်ပတ်၏။ နဖူး ကျယ်၏။ ဗိုလ်ဆံတောက်နှင့်ဖြစ်၏။ အင်္ကျီလက်တိုအဖြူ ဝတ်ထားသည်။

"ဘယ်အတန်းနေချင်သလဲ"

"ငါးတန်း"

ကိုငွေးမောင်ကတော့ ခပ်အေးအေးပင် ပြန်ဖြေပါ၏။

"မောင်စိန်ရေ၊ ငါးတန်း အင်္ဂလိပ်ဖတ်စာအုပ် သွားယူချေစမ်း"

ကျောင်းစာရေးကို ခိုင်းလိုက်၏။ ပြီးမှ ကျွန်တော့်အား တတိယ အကြိမ် ကြည့်ပြန်၏။ ဤတစ်ကြိမ်တော့ စူးစိုက်ကြည့်ခြင်းမဟုတ်ပါ မေးခွန်းထုတ်ဖို့ မျက်နှာချင်းဆိုင်ခြင်း ဖြစ်ပါ၏။

"အရင်က ဘယ်ကျောင်းနေဂဲ"

"တောင်းဖန်း၊ မြစ်ကြီးနားမြို့ တောင်းဖန်းကျောင်းမှာပါ"

တော်ပါသေး၏။ ပါးစပ်မှာ ချောချောရှောရှော ထွက်သွားပါ၏။

"ဘယ်နှတန်းလဲ"

"လေးတန်းပါ"

ကျွန်တော် ညာလိုက်၏။

"ဂဏန်းနဲ့ အင်္ဂလိပ်စာ လိုက်နိုင်ရင် ပြီးတာပါပဲ"

စာရေးက ဆရာကြီးအား စာအုပ်တစ်အုပ် လှမ်းပေး၏။

"ဂဏန်းတော့ သူတော်တော် တွက်တတ်ပါတယ်"

အဖေပြောထားသဖြင့် ကိုငွေးမောင်က ဝင်ပြော၏။

သို့သော် ကျွန်တော့်အား ဘယ်အတန်းတွင် နေရမည်ဟု အဆုံး အဖြတ်ပေးသည်က အင်္ဂလိပ်ဖတ်စာ ဖြစ်၏။

ဘီတီအင်က အသုံးပြုသော အင်္ဂလိပ်ဖတ်စာမှာလည်း ကျွန်တော် တို့ တောင်းဖန်းကျောင်း၌သုံးသော ဒဂုန်ရီဒါးပဲဖြစ်၏။ သို့သော် ကျွန်တော် အားဖတ်ရန် ဆရာကြီးထိုးပေးလိုက်သည်က ရီးဒါးဖတ်စာအုပ် အမှတ်သုံး ဖြစ်နေ၍ မျက်လုံးပြူးသွားပါသည်။

ကျွန်တော်က မတတ်နိုင်ပါ။ ဝါကျတစ်ခုတွင် ဆရာကြီး နှစ်လုံး သုံးလုံး ထောက်ပေးရပါသည်။ ဝါကျသုံးခုပြီးသောအခါ ဆရာကြီးက ကိုစိန် အား လေးတန်းဖတ်စာအုပ် သွားယူရန် အမိန့်ပေးလိုက်သည်။

mgyoe.com

mgyoe.com


ကျွန်တော်က ချွေးပြန်နေသည်။ ကျွန်တော် ငါးတန်းတွင်တော့ ဘယ်နည်းနဲ့မှ မနေရတော့။ အဖေပြောမည်ကိုလည်း ကြိုတင်တွေး၍ သွေးလန့်နေသည်။

ဒဂုန်ဖတ်စာကား ပရိုင်မာ ပတ်ဝမ်း (ရှေးဦးသင် အပိုင်း ၁)၊ ပတ်တူး ဆိုသည့် အခြေခံနှစ်အုပ်ပြီးမှ ဘွတ်ဝမ်း၊ ဘွတ်တူး အစရှိသော ဖတ်စာကြီး အုပ်တစ်၊ အုပ်နှစ်ဟူ၍ ငါးအထိရှိလေသည်။

ကျွန်တော်က တောင်းဖန်းကျောင်းတွင် နေစဉ်က ပရိုင်မာပတ်ဝမ်းကို ဒုတိယတန်းတွင် တစ်ဝက်သင်ပြီး ခြောက်လနှင့်သုံးတန်းကို တက်သွားရ၏။ သုံးတန်းကျတော့ ပတ်တူးကို တစ်ဝက်လောက်မှ လိုက်ရလေ၏။ ထို့ကြောင့် ဘွတ်သရီး (အုပ်သုံး)ကို ဖတ်ခိုင်းသောအခါ အဆင့်အင်မတန် ကျော်နေပြီး မဖတ်နိုင်ခြင်း ဖြစ်လေ၏။

ထို့အတူ လေးတန်းကိုင် ဘွတ်တူး (အုပ်နှစ်)ကိုလည်း မဖတ်နိုင်ပါ။ သို့သော် ဆရာကြီးက လေးတန်းတွင် လက်ခံလိုက်၏။

"ကြိုးစားရမယ်၊ အိမ်ကလည်း ပြပေးတဲ့လူရှိမှ လိုက်နိုင်လိမ့်မယ်၊ တစ်လကြာလို့မှ လေးတန်းစာကို မလိုက်နိုင်ရင် သုံးတန်းကို ပြန်ဆင်းရလိမ့်မယ်"

ထို့နောက် ကိုဋ္ဌေးမောင်အား ကျွန်တော့်ကို ဆရာဦးညွန့်အောင်ထံ ခေါ်သွားဖို့ပြော၏။ ဆရာဦးညွန့်အောင်မှာ လေးတန်းဆရာ ဖြစ်လေသည်။ ကိုဋ္ဌေးမောင်က ဘီတီအင် ကျောင်းသားဟောင်းဖြစ်၍ ဆရာများကလည်း ဆရာဟောင်းများဖြစ်၍ သိကျွမ်းလေသည်။ ဦးညွန့်အောင်က ကျွန်တော့်အား နောက်တစ်နေ့ကျောင်းလာလျှင် ထိုင်ရမည့်နေရာပေး၏။ ဝယ်ရမည့် စာအုပ်စာရင်း ပေး၏။ အချိန်စာရင်းကို ကျောင်းသားတစ်ယောက်ထံမှ ကူးယူစေ၏။

ထို့နောက် ကျွန်တော်နှင့် ကိုဋ္ဌေးမောင်သည် စာရေးအား ဝင်ကြေး၊ ကစားကြေး၊ ပိဋကတ်တိုက်ကြေး၊ လွန်ခဲ့သည့် နှစ်လနှင့် ယခုလတွက် စသည့် စုစုပေါင်း ၄၄ ကျပ် ပေးပြီး ဆိုင်သို့ပြန်ခဲ့ကြလေ၏။ ကျောင်းလခက လေးတန်း၊ ငါးတန်းအတွက် တစ်လရှစ်ကျပ် ဖြစ်ပါသည်။ ဝင်ကြေးက တစ်ဆယ်ဖြစ်၏။ ကစားကြေးနှင့် ပိဋကတ်တိုက်ကြေးက တစ်ဆယ်

mgyoe.com

mgyoe.com


ဖြစ်သည်။ ဤသည်က ကျွန်တော်ဆိုင်ရောက်မှ ငွေရပြေစာကိုကြည့်၍ သိရခြင်းဖြစ်၏။

အဖေကမဆိုပါ၊ သို့သော် စိတ်ကောင်းပုံတော့မရပါ။ နေ့လယ်ကျတော့ အဖေနှင့်ကျွန်တော် ဈေးချို စီရုံထဲသွားပြီး ဝယ်ရမည့်စာအုပ်များကို ဝယ်ပါသည်။ ဗလာစာအုပ်က တစ်ဒါဇင် ဝယ်ရလေသည်။ စာအုပ်ဖိုးအားလုံး ၂၈ ကျပ်ကျသည်ဟု ထင်ပါသည်။ အသေအချာတော့ မမှတ်မိပါ။ ပြီးတော့ ကျွန်တော် ကျောင်းတက်တော့ဝတ်ဖို့ အင်္ကျီနှစ်ထည်၊ ပုဆိုးနှစ်ထည် ဝယ်ပေးပါသေးသည်။ ထိုနေ့က ကျွန်တော့်အတွက် စုစုပေါင်း တစ်ရာကျော် ကုန်သွားပါသည်။

အိမ်ရောက်၍ ညကျတော့ အဖေက ကျွန်တော့်စာအုပ်များကို အဖုံးဖုံးပေးပြီး နာမည်ထိုးပေးပါသည်။ အဖေ့လက်ရေးက လှသည်။ ကျွန်တော့်လက်ရေးက ညံ့သည်။

"ကဲ…ငါ့သား၊ အဖေတို့ တတ်နိုင်တာတော့ လုပ်ပေးပြီးပြီ၊ ကျန်တာတော့ ငါ့သားတာဝန်ပဲ။ အဖေ အထူးမပြောပါရစေနဲ့၊ လူလေးလည်း လိမ္မာသားပဲ၊ သူများလို ပိုက်ဆံချမ်းသာလို့ မိဘတွေ ပိုက်ဆံရှိလို့ ကျောင်းနေတာ မဟုတ်ဘူးကွ၊ အဖေတို့က လူလေးကို ဝတ်ကျေဝတ်ကုံ ကျောင်းထားတာ မဟုတ်ဘူး၊ ပညာတတ်စေချင်လို့ ထားတာ၊ တစ်သက်လုံး မပင်ပန်းမဆင်းရဲရဲအောင် ပညာသင်ပေးတာပဲ၊ ကြိုးစား၊ သူများကြိုးစားတာထက် နှစ်ဆသုံးဆ ပိုကြိုးစား"

"ဟုတ်ကဲ့"

တစ်ညလုံး ကျွန်တော် ကောင်းကောင်း အိပ်မပျော်ပါ။ ကြိုးစားမည်၊ ကြိုးစားမည်။ ဒါပဲ စိတ်ထဲမှာ စွဲနေသည်။ နောက်တစ်နေ့ ကျောင်းတက်တော့ ကျွန်တော်က ကြိုးစားမည်ဟူသော သန္နိဋ္ဌာန်ကို ပို၍ လေးလေးနက်နက် ခံယူလိုက်ပါသည်။

နောက်တစ်နေ့မနက်ကျတော့ ကျွန်တော်သည် ကျောင်းသို့ ကိုးနာရီ မတ်တင်းတွင် ရောက်သွားပါသည်။ အိမ်မှ ရှစ်နာရီခွဲက ထွက်လာခြင်းဖြစ်ပါသည်။ အိမ်နှင့်ကျောင်းသည် အိမ်နှင့်ဈေးချိုလောက်ပဲ ဝေးပါသည်။ ကျွန်တော်က ဆယ့်ငါးမိနစ် လျှောက်ရလေသည်။ အဖေက ကျွန်တော့်အား

mgyoe.com

mgyoe.com


အချိန်ကိုက်၍ လွှတ်လိုက်ခြင်းဖြစ်ပါ၏။ အဖေက ဘယ်တော့မှ ကျောင်း အစောကြီးသွားခြင်းကို ခွင့်မပြုပါ။ ထို့အတူ ညနေ ကျောင်းပြန်နောက်ကျ သည်ကိုလည်း ခွင့်မပြုပါ။

ကျွန်တော်က ကျောင်းတက်ဖို့ ဆယ့်ငါးမိနစ်လိုသေးသော်လည်း ဘယ်မှမသွားပါ။ ကျွန်တော့်နေရာတွင်ပင် ထိုင်နေပါသည်။ ဘာမှမကစား ပါ။ အသိမရှိသေးပါ။ ကျွန်တော်တစ်ယောက်တည်း ကြောင်တက်တက်နှင့် ထိုင်နေရပါသည်။ ကျွန်တော်က ထိုဆယ့်ငါးမိနစ်အတွင်း အတော်ပဲ အားငယ်မိပါသည်။ မနည်းကြီး စိတ်ကို တင်းထားရပါသည်။

တစ်ဖန် ကျောင်းတက်ပြန်တော့လည်း ရင်ထိတ်ရပြန်သည်။ လိုက်မှ လိုက်နိုင်ပါ့မလားဟု ပူနေမိပါ၏။ တစ်ချိန်လျှင် မိနစ် ၄၀ ဖြစ်လေသည်။ ပထမအချိန်က ဂဏန်းဖြစ်၏။ ပုစ္ဆာလေးပုဒ်ပေး၏။ ကျွန်တော့် နောက်မှ ထိုင်သော အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ တရုတ်လိုကျောင်းသားနှင့် ပြိုင်တူဦး ဆုံး ပြီး၏။ နှစ်ယောက်စလုံး လေးပုဒ်စလုံး မှန်ပါသည်။

ဒုတိယအချိန်က အင်္ဂလိပ်ဘာသာဖြစ်၏။ ဒီမှာ အရှက်ကွဲရခြင်း ဖြစ်၏။ တစ်ယောက်တစ်လှည့်စီ ထဖတ်ခိုင်း၏။ ကျွန်တော့်အလှည့်ကျ တော့ ကျွန်တော် အသံတုန်တုန်ယင်ယင်နှင့်ဖတ်၏။ တစ်နေရာကျတော့ River (မြစ်)ဆိုသည့် စကားလုံးပါလာရာ 'ရစ်ဗား'ဟု အသံထွက်ရမည့် အစား 'ရိုက်ဗား'ဟု ဖတ်လိုက်ရာ ဆရာနှင့်တကွ တစ်တန်းလုံးက ဝေါခနဲ ကျယ်လောင်စွာ ရယ်လိုက်ကြပါ၏။

ကျွန်တော်က တစ်ကိုယ်လုံး ပူထူသွား၏။ မျက်လုံးတွေ ပြာသွား ပြီး ဘာမှမမြင်ရတော့။ တစ်ခါမျှ ဒါလောက်မရှက်ခဲ့ဖူးပါပေ။

ကျွန်တော့်နားထဲတွင် အခုထက်ထိ ဝိုင်းလှောင်ရယ်လိုက်သော အသံကြီးကို ကြားယောင်လျက် ရှိပါသေး၏။

ကျွန်တော်က မွန်ထူကာ ဆရာအခွင့်မပေးသေးဘဲ စာအုပ်ကိုချကာ ထိုင်ချလိုက်၏။ စိတ်ထဲတွင်တော့ 'ငါ ကြိုးစားမယ်၊ ငါကြိုးစားမယ်'ဟု ထပ်တလဲလဲ ပြောနေမိပါတော့သတည်း။

❖

mgyoe.com

mgyoe.com

## ၃။ တစ်မတ်

ကြေးကလိုင်လေးကို စားပွဲပေါ်မှနေ၍ ကျောင်းစာရေးက လှုပ်ယမ်းလိုက်သောအခါ နေ့ကျောင်းဆင်းခေါင်းလောင်း ထိုးလေတော့သည်။

နာရီကိုကြည့်လျှင် ၁၂ နာရီ ထိုးပေပြီ။

ကျောင်းသားအားလုံး ထီပေါက်ကုန်ကြပေတော့ပြီ။ တစ်ပါးစပ်ကို တစ်သံကျနှင့် အသံပေါင်းများစွာ ရောစပ်ထွက်လာသောအခါ ပျော်ရွှင်မှုပွဲတော်ကြီးတစ်ရပ် ပေါ်ပေါက်လာတော့သည်။ ကလေးတွေက အော်ဟစ်ခုန်ပေါက်ပြေးထွက်ကြသည်။ ကျောင်းသားကြီးတွေက ရယ်လား မောလားနှင့် အတန်းထဲမှ ထွက်လာကြသည်။ ကျောင်းသူများကတော့ ကိုယ့်အစုနှင့်ကိုယ် သွားလာနေထိုင်ကြသည်။

မနက် ကိုးနာရီမှ ဆယ့်နှစ်နာရီ တစ်ဘာသာပြီး တစ်ဘာသာဆက်တိုက် သင်ကြားခဲ့ရသဖြင့် ခေါင်းအလုပ်ရှုပ်နေမှုမှ ခေတ္တအနားရလိုက်သဖြင့် ပေါ့ပါးသွားကြသည်။ လွတ်လပ်သွားကြသည်။

တချို့က ဘိုင်စကယ်များဖြင့် အိမ်သို့ပြန်ကြသည်။ အိမ်နီးသူများသည် စက်ဘီးမရှိလင့်ကစား ကုန်းကြောင်းပင် အိမ်ပြန်ထမင်းစားကြပါ

mgyoe.com

mgyee.com


သည်။

အိမ်မပြန်သူများတွင် ဆာလောင်သူများက မုန့်ဆိုင်များတွင် တိုးဝှေ့စားသောက်လျက် ရှိကြသည်။ ကစားမက်သူများကလည်း မုန့်ပင်မစားတော့ဘဲ တန်း၍ ကစားကြလေတော့သည်။ တချို့တလေသာ အတန်းထဲတွင် ကျန်ရစ်ခဲ့လေသည်။

ကျွန်တော်တို့ လေးတန်းတွင်ကား ကျောင်းသားရှစ်ယောက်သာ ရှိလေသည်။ ကျောင်းသူတစ်ယောက်မှ မရှိပါ။ ရှစ်ယောက်အနက် လေးယောက်က အိမ်သို့ပြန်ကြပါသည်။ ၃ ယောက်က မုန့်စား၊ သို့မဟုတ် ကစားသွားကြပေပြီ။ ကျွန်တော်တစ်ယောက်သာ အတန်းထဲတွင် ထိုင်ကျန်ရစ်ခဲ့ပါသည်။

ကျွန်တော်က ထိုင်ခုံကို နောက်ပြန်မှီ၍ ထိုင်နေရာ ကျောချင်းကပ်လိုရှိသော ၅ တန်း၊ ၆ တန်း၊ ၇ တန်း စသည့် အတန်းသုံးခုပေါင်းထားသော ဆရာဦးသင် အတန်းကိုမြင်နေရပါသည်။ ထိုအတန်းတွင် ကျောင်းသားတစ်ယောက်သည် ဗလာစာအုပ်တစ်ခုထဲမှ အက္ခရာသင်္ချာများကို ကူးနေပါသည်။ အိမ်စာကို မလုပ်ခဲ့မိ၍ 'ခိုး'ချနေခြင်းပင် ဖြစ်ပါသည်။

ဤသို့ပင်ဖြစ်၏။ အချို့ကျောင်းသားများသည် အိမ်စာရေးရန်များကို မေ့လာသောအခါ ကျောင်းကျမှ ပျာယီးပျာယာ ရေးရ၏။ တချို့ကျတော့ အလွယ်တကူပင် သူများထံမှ ကူးချလိုက်၏။ ကျက်စာများ မရခဲ့သူများကျတော့ ကမန်းကတန်း ကျက်ရှာကြသည်။

အတန်းထဲသို့ မောင်မောင် ရေးကြီးသုတ်ပျာ ပြေးဝင်လာသည်။ သူက ကျွန်တော့်ကို ပြုံး၍ နှုတ်ဆက်လိုက်သေး၏။ သူ့ခုံအောက်တွင် ဖိနပ်ကို အလောသုံးဆယ်ချွတ်ပြီး ပြန်ပြေးထွက်သွားလေသည်။ သူက ဘောလုံးကန်ရန် ဖိနပ်လာချွတ်ခြင်းပဲ ဖြစ်ပါ၏။

ကျွန်တော်တို့မှာ ကစားကွင်းရယ်လို့ မရှိပါ။ လမ်းမမှာသာ ကစားကြရသည်။ စာကြည့်တိုက်ရယ်လို့ မရှိပါ။ ကျောင်းစာရေး၏ စားပွဲပေါ်တွင် သတင်းစာလေး တစ်စောင်နှစ်စောင်သာ ရှိပါသည်။ တကယ်တော့ ကျွန်တော်တို့က စာသင်ခန်းပင်မရှိ။ စာသင်ခုံများကို ကျပ်ကျပ်သတ်သတ် နေရာချထားနေရပါသည် မဟုတ်ပါလား။ တော်ကြာနေတော့ မောင်မြင့်က

mgyee.com

mgyoe.com

တစ်ချီအတန်းထဲသို့ ပြေးဝင်လာပြန်တော့သည်။ သူက ဖိနပ်လာချွတ်ခြင်း မဟုတ်ပါ။ သူက ဘောင်းဘီတိုကိုဝတ်၍ စင်ကာပူကင်းဘတ်ဖိနပ်ကို စီးထားလေသည်။ သူက ကျွန်တော့်ဆီသို့ တန်းတန်းမတ်မတ် ရောက်လာလေသည်။

"လာဟေ့...ဘောလုံးကန်ကြရအောင်"

"တော်ပြီ"

ကျွန်တော်က ခေါင်းခါရင်း ပြန်ပြောလိုက်သည်။ ကျွန်တော်က ဤကျောင်းသို့ ရောက်ခဲ့သည်မှာ ဥပုသ်တစ်သီတင်းပင် ကုန်ခဲ့လင့်ကစား ယနေ့ထိ တစ်ခါမှ မကစားဖူးသေးပါ။ အတန်းသားတွေနှင့်ပင် မေးထူးခေါ်ပြောနှင့် နာမည်မှတ်မိကြရုံလောက်သာ ရှိပါသေးသည်။

ကျွန်တော်က အားကစားကိုလည်း သိပ်ဝါသနာမပါ။ စာကျက်စရာဖတ်စရာရှိလျှင် ကျက်ဖတ်၍သာ နေချင်သည်။ ပြီးတော့ မရင်းနှီးဘဲနှင့် မရောချင်၊ ရောမိပြန်သော် အင်မတန် အတော်ခင်တတ်သည့် ကျွန်တော်ဖြစ်ပါသည်။

"လာပါကွာ၊ ဟိုမှာ လူခွဲကန်ကြပြီ၊ ငါ့မှာ တွဲဖက်မရှိလို့ပါ"

မောင်မြင့်က အတင်းဆွဲခေါ်နေသည်။

ကျောင်းမှာ ကျောင်းသားနည်းရသည့်အထဲ မိန်းကလေးများ၊ ကလေးများနှင့် ကျောင်းသားကြီးများကို နုတ်လိုက်သော် ကျွန်တော်တို့လို အလယ်အလတ်ပိုင်းက မဖြစ်စလောက်သာ ကျန်တော့၏။ ကျောင်းသားကြီးတွေက ဝိုင်းဖွဲ့စကားပြောနေပြီး ကလေးတွေက သူတို့ဘာသာ ပြေးတမ်းလွှားတမ်း ကစားနေကြသဖြင့် 'လမ်းမဘောလုံးကွင်း'နှင့် နံပါတ်သုံးဘောလုံးကို ၃ တန်းမှ ၆ တန်းထိ ကျွန်တော်တို့ အလယ်သိုက်က ပိုင်နေပါတော့သည်။

အိမ်သို့ပြန်ကြသူများက နာရီဝက်လောက်ကြာတတ်သဖြင့် ခုအချိန်တွင် ကစားမည့်လူ နည်း၍ လူရှာလူစုကြရလေသည်။ မောင်မြင့်က ကျွန်တော့်အား အတင်းဆွဲခေါ်သွားလေတော့သည်။

ကျောင်းရှေ့ စိန်ပန်းပင်အောက်ရောက်တော့...

"ငါက ကွန်မြူနစ်၊ မင်းက ဆိုရှယ်လစ်"

mgyoe.com

mgyee.com


ဟု တိုးတိုးပြောပါသည်။ ပြီးတော့ ကျွန်တော့်ကို ပခုံးဖက်ပြီး လမ်းလယ်သို့ ပြေးသွားပါသည်။ မောင်မောင်နှင့် သုံးတန်းမှ အောင်ခိုက ကက်ပတိန်များ ဖြစ်ကြပါသည်။

"ကွန်မြူနစ်နှင့် ဆိုရှယ်လစ်"

မောင်မောင်က ကွန်မြူနစ်ဟု ခေါ်လိုက်ရာ ကျွန်တော်က အလို အလျောက် အောင်ခိုဘက်သို့ ရောက်သွားပါတော့သည်။ ဤကား ကျွန်တော့် အဖို့ ဘီတီအင်ကျောင်းတွင် ပထမ စကစားခြင်းနှင့် အောင်ခိုအား စတင်သိကျွမ်းခြင်း ဖြစ်ပါသည်။ နောက်ပိုင်းတွင် ကျွန်တော်သည် အောင်ခို နှင့် ပူးပေါင်းကြံစည်ကာ မိဘများ စိတ်မကောင်းအောင်လုပ်ဖို့ အုတ်မြစ်ချ လိုက်ခြင်းလည်း ဖြစ်ပါသည်။

နောက်နေ့များကျတော့ မောင်မြင့်တို့၊ မောင်မောင်တို့၊ အောင်ခိုတို့က ပင့်နေစရာမလိုတော့ပါ။ ကျောင်းဆင်းခေါင်းလောင်း ထိုးသည်ဆိုလျှင်ပင် ကျွန်တော်က လမ်းမဘောလုံးကွင်းထဲသို့ သူများထက်နောက်မကျဘဲ ရောက်နေပါတော့၏။

သို့သော် ကျွန်တော်ကား ဘောလုံးသမားကောင်းတစ်ယောက် ဖြစ် မလာပါ။ တကယ်တော့ ဟုတ်တိပတ်တိလည်း မကန်တတ်ပါ။ ကျွန်တော် က ဘောလုံးကန်သည်မှာ ဝါသနာကြီးလှ၍ မဟုတ်ပါ။

နေ့လယ် ကျောင်းဆင်းကတည်းက ဘောလုံးကန်လိုက်သည်မှာ နာရီပြန်တစ်ချက်ထိုးဖို့ ငါးမိနစ်အလိုတွင် ကျောင်းတက်ရန် ပထမခေါင်း လောင်းထိုးပြီးမှ တော်ပါတော့၏။ သို့ဖြင့် တစ်နာရီနီးပါး ဟိုနားရပ်ရပ် ဒီနားထိုင်ထိုင် ဝေဒနာ သက်သာခဲ့ရပါသည်။ သူများ မုန့်စားကြသည်ကို အမှတ်မထင် ဖြစ်မိပါသည်။

ဘောလုံးမကစားလျှင် ကျွန်တော်က အိမ်လည်းမပြန်ရ၊ မုန့်လည်း မစားရနှင့် သိမ်ငယ်နေမိပါသည်။ အိမ်ကိုပြန်ဖို့ စက်ဘီး အိမ်ကမဝယ်ပေး နိုင်ပါ။ ခြေကျင်လျှောက်သွားလျှင် အသွားအပြန် နာရီဝက်ကျော် ကြာမည်။ အိမ်မှာ ခူးခပ်စားသည်နှင့်ဆိုလျှင် အချိန်မလောက်မင ရှိပေမည်။ ပြီးတော့ နေပူသည်။

အိမ်ကိုမပြန်၊ ကျောင်းမှာ မုန့်စားဖို့ အဖေက တစ်နေ့တစ်မတ်

mgyee.com

mgyoe.com


ပေးသည်။

"ကျွန်တော့်ကို မတ်စေ့လေးတွေချည်းပေးပါ"

"ဘာလဲ ငါ့သားက စုထားမလို့လား"

ကျွန်တော်က ရှက်ပြုံးဖြင့် ဝန်ခံသည်။ ဒီတော့ အဖေက...

"မစုပါနဲ့ကွာ၊ ငါ့သား မုန့်စားဖို့ ပေးတာပဲ၊ ကျောင်းမှာ ဒိပြင်ကလေးတွေစားတော့ ငါ့သားလည်း စားချင်မှာပေါ့၊ ပြီးတော့ နေ့လယ်နေ့ခင်း ဆာတတ်ပေါ့ကွာ၊ အဲ...မတည့်တာသာ မစားနဲ့"

သို့သော် အဖေက မတ်စေ့ကလေးကိုသာ ပေးပါ၏။ ကျွန်တော်က နေ့တိုင်း မစုဖြစ်ပါ၊ အင်မတန် ဆာလောင်တော့လည်း တစ်ပဲဖိုး၊ တစ်မူးဖိုး စားမိပါသည်။ အဖေကလည်း နေ့တိုင်း မပေးနိုင်ပါ။ တစ်ခါတလေကျတော့ အရင်နေ့က မပေးခဲ့ရသည်များကို စုပေါင်း၍ ငါးမူးသုံးမတ်လည်း ပေးလေ့ရှိပါ၏။ တစ်ခါတလေတော့လည်း သုံးရက်တော့ မပေးဘဲနေပြီး စတုတ္ထနေ့ကျမှ သုံးပဲလောက် ပေးနိုင်ခဲ့တာတွေလည်း ရှိပါ၏။

ကျွန်တော်က အဖေပေးရင်ယူထားလိုက်၏။ တောင်းတော့ မတောင်း။ ဘယ်တော့မှ မိဘကို မပူဆာ။ ရသမျှကို တတ်နိုင်သမျှ စု၏။ ပြီးတော့ ခဲတံ၊ ဗလာစာအုပ် စသည်တို့ကို ဝယ်ပါသည်။

အဖေက ဒါကို ကွယ်ရာမှာ ချီးမွမ်းသည်။ ဂုဏ်ယူသည်။

ကျွန်တော်က သိပ်ဆာလွန်းလျှင် သာဂူယိုတစ်ပဲဖိုး ဝယ်သောက်တတ်၏။ အိပ်ချင်လျှင် မက်မန်းသီး တစ်ပဲဖိုး စားတတ်၏။ ခံတွင်းမကောင်းသည့်အခါတော့ မုန့်ဟင်းခါး တစ်မတ်ဖိုး၊ တို့ဟူးသုပ်တစ်မတ်ဖိုး စားပစ်လိုက်ပါသည်။

တော်ရုံတန်ရုံ ဆာတာလောက်ကိုတော့ ကျွန်တော်က ဘောလုံးကန်ခြင်းဖြင့် အချိန်ကုန်လွန်စေပါသည်။ သို့ဖြင့် ကျွန်တော်က ဝါသနာမထုံဘဲနှင့် ဘောကန်ခဲ့သည်။

ဂျပန့်ခေတ်ကလည်း စာမသင်ရ၍ ကစားခဲ့သည်။ စစ်ပြီးခေတ်တွင်လည်း တော်တော်နှင့် ကျောင်းမနေရသေး၍ ဂျပန်နှင့်ခိုပစ်၊ ပေသီးပစ်နှင့်ရှိခဲ့ရသည်။

ယခု ကျောင်းတွင်လည်း တစ်နေ့တစ်မတ်စုနိုင်ရန် ဘောလုံးကန်

mgyoe.com

mgyoe.com


ခဲ့ရသည်။ ဒါတွေကို ကျွန်တော်က ဘယ်သောကာလတွင်မှ မေ့ပစ်နိုင်မည် မဟုတ်ပါ။

တချို့ကျောင်းသားတွေကတော့ မနက် ၁၁ နာရီတွင် ၁၀ မိနစ် အနားပေးချိန်မှာပင် စားလိုက်သောက်လိုက်ကြသေးသည်။

သူတို့က ပိုက်ဆံရှိကြပေသကိုး။

ကျွန်တော်က ဒါတွေကို မေ့မပစ်နိုင်ပါ။ ကျွန်တော် ကနေ့ ဒီအခြေ အနေရောက်နေရပေမဲ့ ဟိုနေ့တွေက အောက်တန်းကျခဲ့ရသည်ကို ဖြေဖျောက် ၍ မပျောက်နိုင်ပါ။

"ဒီကောင်ကြီး တို့ဘက်ပါတာ ရှုပ်နေတာပါပဲ။ တောင်ကန်မြောက် ကန်နဲ့"

ကျွန်တော်ပါသောဘက်ကလူများက ကျွန်တော့်ဘောဘက်တွင် ညံ့ဖျင်းမှုကို သြဘာပေးကြသည်။ ကျွန်တော်ကတော့ ကန်ချင်သူမဟုတ်၊ စာရေးစာဖတ်သူသာဖြစ်သည်။ သို့သော် ကိုယ့်ဝမ်းနာ ကိုယ်သာသိပေ သည်။

တစ်ခါတုန်းက အိုက်စကရင် ကုလားကြီး ကျောင်းသို့လာပြီး ရောင်းရာ ကျောင်းသားတွေ ဝိုင်းနေသည်။ တစ်ခုကို အသေးငါးမူး၊ အကြီး တစ်ကျပ် ဖြစ်၏။

ဆရာမတစ်ယောက်သည် တစ်ကျပ်တန် အိုက်စကရင်တောင့်ကြီးကို အားရပါးရကိုင်လာပြီး တိုင်ကိုမှီ၍ရပ်နေသော ကျွန်တော့်ရှေ့သို့ ရောက် သောအခါ...

"မင်းမစားဘူးလား...ကောင်းတယ်ကွ၊ မလိုင်များတယ်"

ကျွန်တော်က ယောင်ယမ်းကာ တိုင်မှ ပြက္ခဒိန်ကို ဖြုတ်လိုက်ပြီး...

"ကျွန်တော် မကြိုက်ဘူး"

"မင်း အိုက်စကရင် မကြိုက်ဘူး ဟုတ်လား"

"ဟုတ်တယ်"

ကျွန်တော်က အော်လိုက်သည်။ ကျွန်တော့်အသံ တုန်နေကြောင်း ကျွန်တော် သတိထားမိ၏။

"လူမိုက်ပဲ၊ တောသားလား...အိုက်စကရင်ကို မကြိုက်ရအောင်"

mgyoe.com

mgyoe.com


ဆရာမ ထွက်သွားတော့ ကျွန်တော်က အိမ်သာသို့ ဒုန်းစိုင်းပြေး သွားပါသည်။ အိမ်သာပေါ်တက်မိရုံရှိသေးသည် မျက်ရည်တစ်ပေါက် ပြုတ်ကျသွားသည်။

တကယ်တော့ အဲဒီနေ့ကဆိုလျှင် ကျွန်တော်က ပိုက်ဆံတစ်မတ်ကို မရခဲ့ရုံမျှမက မနက်စာစားကြဖို့ ဟင်းမရှိ၍ စုထားသော ပိုက်ဆံခြောက်မူး ကိုပင် ပေးခဲ့ရသေးသည်။

ဝက်သားသုပ် ငါးမူးဖိုး၊ ဟင်းချိုကြမ်းတစ်မူးဖိုးနှင့် ထမင်းစားခဲ့ရ သော ကျွန်တော်က အိုက်စကရင် ချဉ်သည်ဟုသာ ပြောရုံပဲရှိပါတော့သည်။

ကျွန်တော်က အံကို နာနာကြိတ်သည်။

"ငါ အတတ်နိုင်ဆုံးကတော့ စာကိုသာ ဖိကြိုးစား"

❖

mgyoe.com

mgyoe.com

## ၄။ ရှစ်ကျပ်

ကျွန်တော် အိမ်ပေါက်ဝရောက်တော့ အိမ်ထဲမှ အမေကြီး ကင်းခြေများတစ်ကောင်ကို မီးညှပ်ဖြင့် ညှပ်ကာယူလာလေသည်။

"ရေအိုးစင်အောက်က မိတာ"

အမေကြီးက ကျွန်တော့်အား ပြောလိုက်ပြီး ကင်းခြေများကို လမ်းတစ်ဖက်သို့ ပစ်လိုက်လေသည်။

ကျွန်တော်က ဝင်းဝဆီးပင်မှ အရွက်တစ်ရွက်ခူးရင်း အမေကြီးအားစောင့်ကာ အိမ်ထဲသို့ ဝင်ခဲ့၏။

"အမေကြီး...အိုက်စကရင် တစ်စည်ကို ဘယ်လောက်ပေးရလဲ"

"ဘာလုပ်မလို့တုံး"

"ကျွန်တော် ကျောင်းထွက်လို့ အလုပ်ရတော့ ဝယ်စားမလို့"

"ကောင်လေးကလည်း ပေါက်ပေါက်ရှာရှာ ရူးလိုက်တာ"

နောက်ဖေးမှထွက်လာသော အမေက ကြိမ်းလိုက်သည်။ ကျွန်တော်က အမေ့ကိုလည်း စိတ်ဆိုးမိသည်။ အဖေလာမှ မေးဦးမည်၊ ဆရာမက ကျွန်တော့်ကို လူမိုက်တဲ့၊ အမေကတော့ ရူးသတဲ့။

ကျွန်တော်က ထပ်တွန့်ဦးမည်ရှိစဉ် တစ်ဖက်အိမ်မှ ဆပ်ပလိုင်းဝန်ထောက်ကတော်ကြီး လိမ့်ဝင်လာလေသည်။ ထိုမိန်းမကြီးက မီးပုံးကြီး

mgyoe.com

mgyoe.com
လိုဝပြီး အသံက မနဲ့လေးသံပေါက်နေ၏။ ကျွန်တော်က မုန်းသည်။

"လာ...လာ"

အမေက ခရီးဦးကြိုကာ အခန်းထဲသို့ ခေါ်သွား၏။ ကျွန်တော်က ထင်းရှူးသေတ္တာကိုဖျက်၍ ရိုက်ထားသော စားပွဲလေးသို့သွားကာ စာအုပ်များကို လွယ်အိတ်ထဲမှထုတ်၍ စီကာစဉ်ကာ ထုတ်ထားလိုက်၏။

အခန်းထဲမှ သေတ္တာဖွင့်သံကြားရသည်။ ကျွန်တော်က ဒါလောက်တော့ လူပါးပဲဖြစ်ပါ၏။ အမေက ထိုမိန်းမကြီးကို ထဘီဖြစ်စေ၊ အင်္ကျီဖြစ်စေ ရောင်းလေသည်ပဲ ဖြစ်ပါမည်။

ကျွန်တော်က ဆရာပေးလိုက်သော ဂဏန်းငါးပုဒ်ကို တွက်နေပါသည်။ ကျပ်ပဲပိုင် ပုစ္ဆာများဖြစ်၍ ကျွန်တော်က နာရီဝက်အတွင်းမှာ အိမ်စာ တစ်ခု ပြီးသွားပါ၏။

ကျွန်တော် ဂဏန်းစာအုပ်ကို သိမ်းနေစဉ် ဝန်ထောက်ကတော်ကြီးသည် စာအိတ်တစ်အိတ်ကိုပိုက်၍ ထွက်သွားလေသည်။ အမေက ဘာတွေရောင်းလိုက်ပြီး ဘယ်လောက်ရလိုက်သည်ကို ကျွန်တော်မသိပါ။ အမေသည် ဝန်ထောက်ကတော်ကြီးကို ဝင်းထိလိုက်ပို့ပြီး အိမ်ထဲသို့ ကသုတ်ကရိုက် ပြန်လာပါသည်။

ကျွန်တော်က ရေထ၍သောက်ရာ အခန်းထဲတွင် အမေ့သေတ္တာဘေး၌ အဝတ်များ စုပုံနေသည်ကို တွေ့ရသည်။ အမေက ထိုအဝတ်များကို သေတ္တာထဲ အလောသုံးဆယ်ထည့်ပြီး မီးဖိုထဲ ထွက်သွားပါသည်။ ပြီးတော့ ဈေးခြင်းလေးကိုဆွဲကာ အိမ်ပေါက်ဝမှနေ အမေကြီးကို လှမ်းပြောပါသည်။

"ကျွန်မ ဈေးသွားလိုက်ဦးမယ်၊ ဈေးသည်တွေမှ ရှိပါဦးမလား မသိဘူး၊ ဆန်ကို ကျွန်မ ဈေးကပြန်မှ အာလယာားမုန့်ဆိုင်မှာ ဝယ်မယ်"

ကျွန်တော်က စားပွဲသို့ပြန်လာကာ အင်္ဂလိပ် 'မီးနင်း' (အဓိပ္ပာယ်) ထုတ်နေပါသည်။

အဖေနှင့် အမေက ရှေ့ဆင့်နောက်ဆင့် ပြန်ရောက်လာကြပါသည်။ အဖေက ခေါင်းပေါင်းကို ဖြုတ်၍ တိုင်ကသံချောင်းတွင် ချိတ်နေစဉ် အမေက ဈေးခြင်းအပြည့်နှင့် ပြန်ရောက်လာ၏။ အမေက ကျွန်တော့်အား မုန့်ပျား
mgyoe.com

mgyoe.com


သလက်အနီ တစ်ချပ်ပေးပါသည်။

"ဘာတွေဝယ်လာသလဲ"

အဖေက ဆီးမေး၏။

"ပဲ၊ ချဉ်ပေါင်ရွက်၊ ကြက်သား၊ ငါးပိရည်ကျိုလည်းပါတယ်၊ သရက်ကင်းနဲ့တို့မယ်"

"ဟင်...သရက်ကင်းက ကောင်းတော့ကောင်းပါရဲ့၊ ဒါပေမဲ့ ချုပ်တယ်"

"တစ်ခါတလေပဲ ဥစ္စာ"

"ကြက်သားအိုး ငါပြင်မယ်"

အဖေက တိုက်ပုံအင်္ကျီချွတ်ပြီး မီးဖိုထဲလိုက်သွား၏။

ဒီလိုပဲ အသုံးပြုတ်၍ တစ်ခုခုရောင်း၊ ဒါမှမဟုတ် တစ်ခုခုပေါင်နှံပြီးမှ ချက်ရပြုတ်ရလျှင် ထမင်းစားနောက်ကျလေသည်။ ဒီအခါမျိုးတွင် အဖေက ဝင်၍ ချက်ပြုတ်ကူညီပါ၏။ အမေကလည်း ထမင်းချက် နောက်ကျလျှင် ကျွန်တော် ဆာနေမည်စိုး၍ မုန့်ပျားသလက်တစ်ခု ဝယ်လာတတ်ပါသည်။

ကျွန်တော်က တစ်မူးတန် မုန့်ပျားသလက်ကို စားရင်း ဈေးတောင်းရှင်းသည်ကို ကြည့်နေမိပါသည်။

"ကျွန်မတို့ ဆန်တစ်တင်းတော့ ဝယ်ထားလိုက်မှ ထင်တယ်"

"ဘယ်လောက်ရလဲ"

အဖေက ကြက်စလုတ်ကိုထုတ်ရင်း မေး၏။

"လုံချည်နှစ်ထည်၊ စားပွဲခင်းတစ်ခု၊ ခန်းဆီးသုံးခုလေ"

"အင်းလေ...အဲဒါ ဘယ်လောက်ရလဲ"

"ခြောက်ဆယ့်ရှစ်ကျပ်၊ ခုဈေးဝယ်ခဲ့တာလေ လေးကျပ်လောက်တောင် ကုန်ခဲ့ပြီ"

"အင်း...ဝယ်လေ၊ အိမ်လခနဲ့ လူလေးကျောင်းလခပေးလိုက်ရင် ဒီပိုက်ဆံ ကုန်မှာပါပဲ"

အမေက လေးပြည်ဝင်တောင်းကို ချိုင်းညှပ်လျက် အဖေ့ပုဆိုးတစ်ထည်ကို ခေါင်းခုလုပ်ရန် ပခုံးပေါ်တင်ပြီး ထွက်သွားပြန်လေသည်။ အမေက

mgyoe.com

mgyoe.com

အခု ချက်စရာယူလာပြီး ညကျမှ ကျန်ဆန်ကို သယ်ပေလိမ့်မည်။

"ကဲ…ကဲ မင်းစာကျက်မှာ ကျက်ချေ"

အဖေက ကျွန်တော့်ကို နှင်လွှတ်လိုက်သည်။

"နေပါစေ အစ်မ၊ ကျွန်တော်တို့လုပ်မယ် ထားခဲ့"

အမေကြီးကို နှင်ပြန်သည်။ အဖေက အမေကြီးကို အစ်မဟုခေါ်လေသည်။ အမေကြီးက ခုတင်ပေါ်ပြန်ပြီး ပယင်းပုတီးလေးကို စိပ်နေသည်။ ကျွန်တော် မီးနင်းထုတ်ပြီးသောအခါ ခြောက်နာရီခွဲပေပြီ။

ထမင်းမကျက်သေး၊ အတိအကျ ပြောရလျှင် ကြက်သားဟင်း မကျက်သေးပေ။ အဖေက မြည်တွန်တောက်တီးနေသည်။

"မနှင်းက ကြက်အရင့်ကြီးတွေ ဝယ်တာကိုး"

ကျွန်တော်က မှန်အိမ်ကို ရေနံထည့်၊ ပြောင်းသုတ်ပြီး ထွန်းပေးသည်။

ထမင်းစားပြီး ညကျတော့ အမေက လက်ဖက်ဝယ်ပေးသည်၊ အမေကြီးကော၊ အဖေကော အင်မတန်ကြိုက်သည်။ ကျွန်တော်ကတော့ တစ်ရိုး နှစ်ရိုးပဲ စားရသည်။

လက်ဖက်စားပြီးသောအခါ အဖေက ကျွန်တော့်ကို စကားစမြည် ပြောလေသည်။ အမေကြီးက အိပ်ရာဝင်ပြီ၊ အမေက ဆန်သယ်ပြီး ဆန်ပြာ နေသည်။

အမေကြီးက ညဦးပိုင်း တစ်ရေးအိပ်ပြီး တစ်ညလုံး မအိပ်တော့၊ တစ်ညလုံး တချွတ်ချွတ်နဲ့ ဖြစ်သည်။

"မင်းည ဘာတွေကျက်စရာရှိသလဲ"

"ပထဝီနဲ့ ရာဇဝင်ရှိတယ်လေ"

"ဒါတွေက ဒါလောက် အရေးမကြီးပါဘူးကွာ၊ အင်္ဂလိပ်စာသာ ကျက်ပါ"

"အို…အဖေကလည်း ကျောင်းက ရောက်ရောက်ချင်း ဂဏန်းတွက်ပြီးတော့ မီးနင်းထုတ်တယ်လေ၊ ညက ပထဝီနဲ့ ရာဇဝင်ကျက်ပြီး မနက်ကြတော့ မီးနင်းနဲ့ ပိုထရီ (ကဗျာ) တစ်ပုဒ်ကျက်မယ်လေ"

အဖေက ဆေးတံတွင် ဆေးထည့်နေသည်။

"မနက်ကျက်တာလည်း ကျက်တာပေါ့။ အဖေက ညလည်း

mgyoe.com

mgyoe.com


အင်္ဂလိပ်စာပဲ ဖတ်နေစေချင်တယ်၊ ညံ့တဲ့ဘာသာ ဖိကြိုးစားရတယ်၊ မြန်မာစာတို့၊ ရာဇဝင်တို့ဆိုတာက မင်းအဖို့ လွယ်လွယ်လေးပါ။ မင်းတို့သန်ဘက်ခါ အစမ်းစာမေးပွဲ ရှိတယ်မဟုတ်လား"

"ဟုတ်ကဲ့"

"အဲဒါ ကြိုးစားဖြေ"

"ဒါပေမဲ့ ဒါက ပထမအကြိမ်လည်းဖြစ်၊ ကျွန်တော်ကလည်း ကျောင်းတက်ရတာ နှစ်ပတ်တည်းရှိသေးတော့..."

"ငါက ကြိုးစားဖို့ပြောတာ"

အဖေက ဖြတ်ပြောလိုက်၍ ကျွန်တော်က တုန်သွားသည်။ အဖေက ဆေးတံကို မီးညှိလိုက်ပြီး တစ်ဖွာနှစ်ဖွာ ဖွာနေ၏။ ကျွန်တော်က "အတန်းထဲတွင် လူရှစ်ယောက်ရှိရာ အဋ္ဌမရနေမည်လား ပူနေ၏"

"မင်းနှစ်ပတ်တည်းနဲ့ စာမေးပွဲဖြေရတာတင် ဘာကမလဲ၊ မနက်ဖြန်ဆိုလဆန်းတစ်ရက်နေ့၊ ၁၅ ရက်တည်းနဲ့ ကျောင်းတစ်လခတွက် ပေးရတော့မယ်။ ပြီးတော့ ကျောင်းလခတွေက ဈေးကြီးလိုက်တာ၊ ၄ တန်းကိုရှစ်ကျပ် တဲ့။ ၁၀ တန်းဆို ဘယ်လောက်များဖြစ်နေမလဲ"

"၁၅ ကျပ်"

ကျွန်တော်က တိုးတိုးဖြေလိုက်၏။

"အဲတော့ ကြိုးစားကွာ၊ မင်းလည်း သိသားပဲ၊ မင်းအမေလုံချည်နဲ့စားပွဲခင်းတွေရောင်းပြီး အိမ်လခနဲ့ ကျောင်းလခပေးရတာ။ အဖေတို့မှာပိုက်ဆံရှိလို့ ဝတ်ကျေတန်းကျေ မင့်ကို ကျောင်းထားတာ မဟုတ်ဘူး"

ကျွန်တော်က အများကြီးသိပါ၏။ ခုအစပိုင်းဖြစ်သော လတွင်ပင်ကျောင်းလခရှစ်ကျပ်ကို ပေါင်နှံပေးနေရလျှင် နောက်လတွေ နောက်နှစ်တွေအတွက် ရင်လေးလှ၏။ ခုပေါင်နှံစရာ ရှိသေး၏။ အကယ် ပေါင်စရာလည်း မရှိဟုဆိုလျှင် အခက်ပဲ။

ကျွန်တော်က ထုံးစံအတိုင်း ညကိုးနာရီအထိ စာကျက်၏။ သို့သော်အိုက်စကရင်နှင့် ကျောင်းလခ ပြဿနာကြောင့် စိတ်မဖြောင့်လှပါ။

❖

mgyoe.com

mgyoe.com

## ၅။ နှစ်ဝက်

မယဉ်နွယ်က ၁၈ နှစ်ရွယ် လှပသော မိန်းမပျိုကလေးတစ်ဦး ဖြစ်သည်က ကျွန်တော့်အဖို့ ပြဿနာမဟုတ်ပါ။ ကျွန်တော့်လို ၁၃ နှစ်အရွယ်စာဝယ်သာ နှစ်မြုပ်နေသော ကောင်လေးတစ်ယောက်အတွက် မယဉ်နွယ်တို့လို မိန်းကလေးအရွယ်များသည် လှပသည်ဖြစ်စ မလှမပသည်ဖြစ်စ၊ အစ်မများသာ ဖြစ်ပါသည်။

အထူးသဖြင့် ကျွန်တော့်အဖို့ မမနွယ်သည် ညာတာ သနားတတ်သော အစ်မတစ်ယောက်အနေသာမက အိမ်သားတွေအပြင် တစ်ဦးတည်းသော မိတ်ဆွေဟောင်းတစ်ယောက်တည်း ဖြစ်နေပါတော့သည်။

"မင်း ကျောင်းနေမှတော့ အရင်ကလို ကစားနေလို့ မရဘူး"

အဖေက ကျွန်တော် လွယ်အိတ် စလွယ်သည့်နေ့မှာပင် အမိန့်ထုတ်ပါ၏။ ကျွန်တော်က ဤအိမ်သို့ ပြောင်းလာကတည်းက တစ်ခါမှ မကစားရသေးပါ။ ပြီးတော့ အနီးတစ်အိမ်နှစ်အိမ်တွင်လည်း ရွယ်တူများ မတွေ့ရပါ။

ထို့ကြောင့် အဖေကလည်း တားမြစ်၊ ကျောင်းစာများနှင့်လည်း

mgyoe.com

mgyoe.com


မနိုင်မနင်း။ ထို့ကြောင့် သုံးလေးအိမ်ကျော်မှ ကောင်လေး၊ ကောင်မလေးတွေနှင့် သိပင်မသိသေးပါ။

မမနွယ်ကတော့ မျက်နှာချင်းဆိုင်အိမ်က ဖြစ်ပါသည်။ လူကြီးတွေနှင့် စသိခြင်းဖြစ်ပါသည်။ အမေကလည်း မမနွယ်ကို အတော်လေး ချစ်ပေသည်။

"မယဉ်နွယ်လေးက အတော်လှတယ်။ ကျွန်မတို့ မြစ်ကြီးနားက ဟိုပြောင်းသွားတဲ့ ပညာအုပ်သမီးလှတယ်ဆိုတာ ဒီကောင်မလေးနဲ့ကျတော့ ဆီနဲ့ရေပဲ"

အဖေ့ကို ဤသို့ပြန်ပြောနေသည်ကို ကျွန်တော် စာကျက်နေရာမှ နီး၍ ကြားမိခဲ့ပါသည်။ အမေကြီးကတော့ မယဉ်နွယ် လိမ္မာကြောင်း၊ အချက်အပြုတ်တော်ကြောင်း ချီးကျူးနေပါသည်။

ထိုသို့ဆိုလေ ကျွန်တော်မမနွယ်ကို အထင်ကြီးလေ ဖြစ်ပါသည်။ မမနွယ်ကလည်း ကျွန်တော့်ကို အတော်ချစ်ရှာပါသည်။ သူမ အားလပ်ချိန်များတွင် အိမ်ဘက်သို့ ကူးလာပြီး စကားပြောလေ့ ရှိပါသည်။

"ဟေ့...ဘာခိုးစားတာလဲကွ"

ကျွန်တော်က ကြောင်အိမ်ထဲက ခရမ်းချဉ်သီးပန်ထွေဖျော်ပန်းကန်ကို ထုတ်ရင်း အိမ်ထဲသို့ ဝင်လာနေသော မမနွယ်အား ကြည့်လိုက်ပါသည်။

"နေ့လယ်စာ စားမလို့"

"မမတောင် ခုပဲစားလာတယ်။ ဘာဟင်းရှိလဲ။ အိမ်မှာ အင်ဥချက်ရှိတယ်"

ကျွန်တော် မတားလိုက်နိုင်ခင်မှာပင် မမနွယ်က ပြန်ထွက်သွားသည်။ ခဏကြာတော့ လက်ထဲတွင် ပန်းကန်တစ်လုံးနှင့် ပြန်လာသည်။ မမနွယ်လက်မှာ သနပ်ခါးရည်ကျဲ တင်ကျန်နေသည်။

"စောစောက ဒေါ်ဒေါ်တို့ ဘယ်သွားကြတာလဲ"

"ဝါခင်းကုန်းကို သူတို့ဆရာ ဘုန်းကြီးကို တွေ့ရအောင်"

"ဒါနဲ့ မောင်လေးတစ်ယောက်တည်း ပျင်းကျန်နေရစ်တာပေါ့"

"ကျွန်တော့်အဖို့တော့ မထူးပါဘူး။ သူတို့ရှိလည်း စာကျက်နေရတာပါပဲ၊ ကျွန်တော် တစ်ယောက်တည်းရှိလည်း စာကျက်နေရတာပါပဲ"

mgyoe.com